ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (13-6-2006) (၄၉၈၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန် ၁၂ရက်တွင်ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ၊ ဗီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန်၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဂလိုရီယာ၊ မာကါပါဂလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သီးခြားကျွန်းစိုက်ခင်းကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးခရိုင် သစ်တောဦးစီးဌာန၏ သီးခြားကျွန်းစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်တွင်းကြီးနှင့် အောင်လံတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇွန် ၁၀ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် တောင်ညို၊ မိုးစွေ၊ ချောင်းနတ်၊ တောင်တွင်းကြီးလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် မကွေးတိုင်း နယ်စပ် မိုင်တိုင် ၄၄ သို့အရောက်တွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ခြစ်စည်းရိုးကြက်ဆူဆီဖြင့် လည်ပတ်သော ဇီဝဒီဇယ်သုံး ကျေးလက်မီးလင်းရေးစက်ပစ္စည်းများ၊ ကြက်ဆူဆီကြိတ်စက်များကို လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်၏ စေတနာကို တုံ့ပြန် လုပ်ငန်းပိုမိုတိုးတက်အောင်မြင်အောင် ကြိုးပမ်း ဒေသဖွံ့ဖြိုးရေး ပြည်သူများနှင့် လက်တွဲဆောင်ရွက်

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်၊ ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နောင်ချို–ကျောက်မဲလမ်းပေါ်ရှိ ဂုတ်တွင်းတံတားသို့ရောက်ရှိပြီး လက်ရှိဂုတ်တွင်းတံတားနှင့် အသစ်တည်ဆောက်နေသောတံတားတို့ကိုကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်၊ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ စာမျက်နှာ ၆ ကော်လံ ၃ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃–၆–၂၀၀၆
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်ဒေသဖွံ့ဖြိုးအောင် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် စွမ်းဆောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းချမှတ်၍ အဘက်ဘက်က ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ ခုနှစ်မှ စတင်၍ ၁၇ နှစ်တာကာလအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိရန် ကြိုးပမ်းခဲ့သည်။ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးခဲ့ပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ထိန်းသိမ်းကြရဦးမည်။

ထို့ကြောင့် နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသည့် လူငယ်များပေါ်ထွက်လာစေရန် တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်၍ တိုင်းရင်းသား လူငယ်များအား အဆင့်မြင့်ပညာများ သင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသော ကျောင်းသား ၆၆ ဦးတို့အား ဇွန်လ ၁၁ ရက်နေ့က ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အဆိုပါကောလိပ်ခန်းမ၌ ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ သင်တန်းဆင်းကျောင်းသား ၉၀ အပါအဝင် လူငယ် ၁၅၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ တိုင်းရင်းသားလူငယ် ၅၇၄ ဦး ဘွဲ့၊ ဒီဂရီရရှိကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၌ ခန့်အပ်တာဝန်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ ဘွဲ့နှင့်ဒီပလိုမာ ရရှိသူများအနက် ထူးချွန်ထက်မြက်သူ လူငယ်များသည် မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ အရည်အချင်းစစ် သင်တန်းနှင့် မဟာသိပ္ပံ၊ မဟာဝိဇ္ဇာသင်တန်းများ ဆက်လက်တက်ရောက် သင်ကြားလျက်ရှိကြသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ သင်တန်းဆင်းလူငယ်များသည် မိမိတို့ တာဝန်ကျရာ နယ်စပ်ဒေသရှိ မြို့၊ ရွာများတွင် ပညာရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့် တည်ဆောက်ရေးကဏ္ဍ အသီးသီး၌ စီမံခန့်ခွဲသူများအဖြစ်ဖြင့် ဒေသအကျိုး၊ ရပ်ရွာအကျိုး သယ်ပိုးထမ်းရွက်ကြရမည်ဖြစ်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် တိုင်းရင်းသားလူငယ်များအနေဖြင့် ရောက်ရှိရာဒေသ၌ ကျရာတာဝန် ထမ်းဆောင်ရာတွင် ဒေသခံပြည်သူများနှင့် ရင်းနှီးစွာဆက်ဆံနေထိုင်ရင်း လုပ်ငန်းတိုင်းကို မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ခြင်းဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုများ ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉/က)ရပ်ကွက်၊ စိတ္တသုခလမ်းနေ ဦးအေးငြိမ်း–ဒေါ်အေးမြင့်၊ သား ကိုဝင်းကိုကို၊ သမီး မခိုင်ကျော့နွယ်၊ သား စိုးကိုကိုမိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဖြဗ္ဗဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဝန်ကြီးဦးဉာဏ်ဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန် ၁၂ရက်တွင်ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတို ဂျီယိုမူလိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန် ၁၂ရက်တွင်ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လာရော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရုပ်ရှင်လောကသားများ စုပေါင်းရင်းနှီးမြှုပ်နှံ ရိုက်ကူးလျှင် အဆင့်အတန်းမြင့် အရည်အသွေးကောင်းသည့် ရုပ်ရှင်များပေါ်ထွက်လာမည် စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုများနှင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အခြေခံအလွှာအသီးသီးမှ အခြေခံအလွှာ အမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခင်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည်အခမ်းအနားများကို ကျင်းပခဲ့သော်လည်း ယခုမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အသစ်တာဝန်ယူသည့် ယခု နှစ်ပတ်လည်အခမ်းအနားက ပို၍ အလုပ်သဘော ဆောင်နေကြောင်း၊ နောင်နှစ်များတွင်လည်း ယခုထက်ကျယ်ကျယ် ပြန့်ပြန့်ကျင်းပသွားရန် လိုကြောင်း။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဖွံ့ဖြိုးတိုးတက်စေရန် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး နောင်နှစ်တွင်လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်မှန်းချက်ငါးရပ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ရာ ယင်းရည်မှန်းချက်ငါးရပ် အောင်မြင်စေရန် ဦးဆောင်ကြိုးပမ်း ဆောင်ရွက်ရမည့် အခြေခံအချက်(၁၂)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း။

ယင်းသို့ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များချမှတ်ထားခြင်းမှာ ရုပ်ရှင် ဗီဒီယိုလောကသားများ ဖွံ့ဖြိုးတိုးတက်စေရေး အကျိုးအတွက် ချမှတ်ပေးထားခြင်းဖြစ်ကြောင်း။

ရုပ်ရှင်လောကတွင် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ရုပ်ရှင်ကားတစ်ကား အဆင့်အတန်းမြင့်မြင့်၊ အရည်အသွေးကောင်းကောင်းဖြင့် ပေါ်ထွက်လာရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြားကြောင်း၊ ယင်းအခက်အခဲကို ပြေလည်စေရန် ရုပ်ရှင်လောကသားများ စုပေါင်းရင်းနှီးမြှုပ်နှံပြီးရိုက်ကူးလျှင် အဆင့်အတန်းမြင့်မြင့်နှင့် အရည်အသွေးကောင်းမွန်သည့်ရုပ်ရှင်ကားများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း။

မူဝါဒဘောင်အတွင်းကကြိုးစား

ယခုအခါ ရုပ်ရှင်နှင့်ဗီဒီယိုလောကအတွက် ယှဉ်ပြိုင်မှုနှင့် စိန်ခေါ်မှုများ များပြားနေကြောင်း၊ ယင်းယှဉ်ပြိုင်မှုနှင့် စိန်ခေါ်မှုများတွင် ရုပ်ရှင်နှင့် ဗီဒီယိုကြည့်ပရိသတ်များ မိမိတို့နေအိမ်တွင် မခံစားနိုင်သည့် ရသကို ရုပ်ရှင်ရုံများကပေးနိုင်သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်ရာ ရုပ်ရှင်လောကသားများအနေဖြင့် မိမိတို့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒဘောင်အတွင်းက ကြိုးစားသွားရမည်ဖြစ်ကြောင်း။

ယင်းသို့ ကြိုးစားဆောင်ရွက်ရာတွင် အခက်အခဲများ၊ ဝိရောဓိများ ရှိမည်ဖြစ်ကြောင်း၊ ယင်းအခက်အခဲနှင့် ဝိရောဓိများကို အတ္တပရမျှတမှု၊ ဖွဲ့လုံ့လရှိမှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်ရှည် သည်းခံ နားလည်ခွင့်လွှတ်မှုများဖြင့် ပူးပေါင်းဆောင်ရွက်သွားလျှင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦး (စနိုးဝှိုက်)က ဖတ်ကြားတင်ပြပြီး နှစ်ပတ်လည်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

World Blood Donor Day

ကမ္ဘာ့သွေးလှူရှင်များနေ့

I'm.........and I Save Lives!

"မွန်မြတ်ဖြူစင်စေတနာရှင် သွေးလှူခြင်းဖြင့်အသက်ကယ်တင်"

၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

သဘာဝဘေးအန္တရာယ် ကြိုတင်စုပေါင်းကာကွယ်

မောင်ထွန်းလွင်
(မိုးလေဝသ)

၂၀၀၆ ခုနှစ်ဟာ လာနီညာဖြစ်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် အနိမ့်ဆုံးပြောရရင် မိုးမည့်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်လိမ့်မယ်လို့ ကျွန်တော့်ကို မေးလာကြသူတွေကို နှစ်စကတည်းက ကျွန်တော်ပြောခဲ့ပါတယ်။ လာနီညာ နှစ်သာဖြစ်ခဲ့ရင် မုတ်သုံဝင်တာ နောက်မကျဘူး။ မိုးကောင်းမယ်၊ မုန်တိုင်းအဖြစ်များမယ်၊ ရေကြီးနိုင်တယ်လို့လည်း ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒီဇင်ဘာလမှာမှ အားအကောင်းဆုံးအဆင့်ကို ရောက်လာမယ့် လာနီညာကို ဇွန်လလောက်မှာမှ ဖြစ်မဖြစ် အတည်ပြုပေးနိုင်လိမ့်မယ်လို့လည်း ပြောခဲ့ပါတယ်။ အခုတော့ လာနီညာ ပညာရှင်များက လာနီညာဖြစ်ဖို့ ၃၀ ရာခိုင်နှုန်းသာ ရှိတယ်လို့ ခန့်မှန်းချက်ပေးကြပါတယ်။ ဒါပေမယ့် တလောကပဲ ထိုင်းနိုင်ငံမှ ပညာရှင်တစ်ဦးက ၂၀၀၆ ခုနှစ်ဟာ လာနီညာ ဖြစ်၊ မဖြစ် မပြောပေမယ့် လာနီညာရာသီဥတုမျိုး ဖြစ်နိုင်တယ်လို့ ပြောသွားခဲ့ပါတယ်။

ဒီတော့ လာနီညာရာသီဥတု (La Nina Weather) တွေထဲက အရေးပါတဲ့ **“ရေကြီးမှုဘေးအန္တရာယ်”**အကြောင်း အနည်းငယ် တင်ပြလိုပါတယ်။ ရေကြီးမှုဟာ အတိုင်းအတာသာ ကွာချင်ကွာမယ်။ တကယ်တော့ နှစ်စဉ် ကြုံတွေ့နေရတဲ့ သဘာဝဘေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဇလဗေဒ တိုင်းတာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တဲ့ ၁၉၆၆ ခုနှစ်ကစပြီး ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်အထိ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကာလအတွင်း မြစ်ကြီးခုနစ်စင်းအတွက် ခန့်မှန်းရေးဇလဗေဒ စခန်းပေါင်း ၂၃ စခန်း ဖွင့်လှစ်ပြီး မြစ်ရေတိုင်းတာမှုများ ပြုလုပ်ပေးနေခဲ့တဲ့အပြင် စခန်း အသီးသီးတို့အတွက် စိုးရိမ်ရေအမှတ်များကို တိုင်းထွာသတ်မှတ်ထားပြီး ရေကြီးမှုကို သတိပေးချက်များ ထုတ်ပြန်ပေးနေပါတယ်။ နှစ်ပေါင်းက ၄၀၊ မြစ်က ခုနစ်စင်း၊ စခန်းက ၂၃ စခန်း။ အဲဒါတွေရဲ့ စာရင်းကိုချုပ်လိုက်တော့ အောက်ပါအတိုင်း တွေ့ရပါတယ်–

စဉ်	မြစ်	ရေကြီးသည့်နှစ်ပေါင်း	ရာခိုင်နှုန်း	အများဆုံးဖြစ်တတ်သောမြို့များ	ကြိမ်နှုန်း
၁	သံလွင်	၃၆	၉၀	ဘားအံ	တစ်နှစ်တစ်ကြိမ်
၂	စစ်တောင်း	၃၄	၈၄	မဒေါက်	ငါးနှစ်လေးကြိမ်
၃	ချင်းတွင်း	၂၉	၇၂	ဟုမ္မလင်း၊ မော်လိုက် ကလေးဝ	သုံးနှစ်နှစ်ကြိမ်
၄	ရွှေကျင်	၂၁	၅၃	ရွှေကျင်	နှစ်နှစ်တစ်ကြိမ်
၅	ဧရာဝတီ	၁၇	၄၃	ကသာ၊ ညောင်ဦး၊ မင်းဘူး၊ ဟင်္သာတ	နှစ်နှစ်တစ်ကြိမ်
၆	မြစ်ငယ်	၁၆	၃၉	မြစ်ငယ်	သုံးနှစ်တစ်ကြိမ်
၇	ပဲခူး	၁၀	၂၅	ပဲခူး	လေးနှစ်တစ်ကြိမ်

ဒီဇယားအရ မြန်မာနိုင်ငံမှာ ရေကြီးမှုအဖြစ်အများဆုံးမြစ်က သံလွင်မြစ်ဖြစ်ပြီး နှစ်စဉ် ရေကြီးလေ့ရှိပါတယ်။ အနည်းဆုံးမြစ်ကတော့ ပဲခူးမြစ်ဖြစ်ပါတယ်။ လေးနှစ်မှ တစ်ခါလောက်သာ ရေကြီးတတ်ပါတယ်။ ကျန်တဲ့ မြစ်ကြီးတွေအနေနဲ့ကတော့ စစ်တောင်းက ငါးနှစ်မှာ လေးကြိမ်၊ ချင်းတွင်းမြစ် သုံးနှစ်မှာ နှစ်ကြိမ်၊ ရွှေကျင် နှစ်နှစ်မှာ တစ်ကြိမ်၊ ဧရာဝတီ နှစ်နှစ်မှာ တစ်ကြိမ်နဲ့ မြစ်ငယ် သုံးနှစ်မှာ တစ်ကြိမ်တို့ ဖြစ်ပါတယ်။ ရေကြီးမှု အဆိုးဆုံးနှစ်များကတော့ ၂၀၀၄၊ ၁၉၉၇၊ ၁၉၇၄ နဲ့ ၁၉၇၆ ခုနှစ်များ ဖြစ်ကြပါတယ်။

ဒါတွေကတော့ တိုင်းထွာထားတဲ့ စာရင်းဇယားတွေရဲ့ ကောက်နုတ်ချက်တွေပဲ ဆိုပါတော့ခင်ဗျာ။ ရေကြီးမှုရဲ့ သဘောသဘာဝကလေးကို လေ့လာတဲ့အခါမှာတော့ မြန်မာနိုင်ငံမှာ ရေကြီးခြင်းကို အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါတယ်။ (၁) ဒေသကျယ်ရေကြီးခြင်း (Plain Flood)၊ (၂) လျှပ်တစ်ပြက်ရေကြီးခြင်း (Flash Flood)၊ (၃) မုန်တိုင်းများကြောင့် ပင်လယ်ရေလွှမ်းခြင်း (Storm Surge) စတာတွေ ဖြစ်ပါတယ်။

ဒေသကျယ်ရေကြီးခြင်းဆိုတာကတော့ မြစ်ကြီးများမှာပဲ ဖြစ်လေ့ရှိပြီး ရေလျှံမှုကြောင့် မြေနိမ့်လွင်ပြင်များမှာ ရေမြုပ်ရတဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။ နှစ်စဉ် ဖြစ်လေ့ဖြစ်ထမရှိတဲ့အပြင် ရုတ်တရက်လည်း မဖြစ်တတ်တာကြောင့် ကြိုတင်သိရှိနိုင်ပါတယ်။ ဒီလိုရေကြီးမှုမျိုးနဲ့ ကြုံကြိုက်တဲ့အခါ ရေနစ်မြုပ်ဧရိယာဟာ ကျယ်ပြန့်တတ်တဲ့အပြင် ရေမြုပ်ကာလကလည်း ကြာမြင့်တတ်တဲ့အတွက် ဝမ်းရောဂါလို ကူးစက်ရောဂါတွေဖြစ်ပွားတတ်ပြီး အသေအပျောက် အပျက်အစီးလည်းများတတ်ပါတယ်။ မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ် စတဲ့ မြစ်ဝှမ်းဒေသများမှာ ဖြစ်တတ်ပါတယ်။ ၂၀၀၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၆ ခုနှစ်များရဲ့ မိုးရာသီကာလတွေတုန်းက မြန်မာနိုင်ငံတစ်ဝန်း မြစ်ကြီးတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။

လျှပ်တစ်ပြက်ရေကြီးခြင်းဆိုတာကတော့ မြစ်ငယ်၊ ချောင်းငယ်များမှာ ဖြစ်လေ့ရှိတဲ့ ရေကြီးမှုမျိုးကို ခေါ်ခြင်းဖြစ်ပါတယ်။ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိတဲ့အပြင် ရုတ်တရက်လည်း ဖြစ်တတ်တဲ့အတွက် ကြိုတင်သိရှိဖို့မလွယ်ပါဘူး။ ရေမြုပ်ကာလ မကြာမြင့်လှပေမယ့် ရုတ်တရက်ဖြစ်တတ်တဲ့အတွက် ကာကွယ်ဖို့အချိန်မရတတ်တာကြောင့် အန္တရာယ်ကြီးတတ်ပါတယ်။ အများအားဖြင့် မြစ်ငယ်ချောင်းငယ်များမှာ မြစ်ကြောင်းမကြာခဏပြောင်းလဲခြင်း၊ မြစ်ကြောင်းကောက်ကွေ့ခြင်း၊ မြစ်ကြောင်းအောက်ခံကောလာခြင်း၊ ရေစီးနှုန်းနှေးကွေးလာခြင်း၊ မြစ်ကမ်းနံဘေးများမှာ တောပြုန်းလာခြင်းစတဲ့ ပြောင်းလဲလာတဲ့ ဂေဟအချက်များကြောင့် အဲဒီမြစ်ငယ်၊ ချောင်းငယ်များပေါ်ကို မိုးသဲသဲမဲမဲ ဆက်တိုက်ရွာလိုက်တဲ့အခါမှာတော့ မိုးရေတွေ တစ်ရှိန် ထိုးတိုးဝင်လာတဲ့ပြီး ရေမျက်နှာပြင်ဟာလည်း လျှပ်တစ်ပြက် မြင့်တက်လာတော့တာပါပဲ။ အခုတော့ အဲဒါတွေအပြင် မြန်မာနိုင်ငံရဲ့ မြောက်ဘက်မှာတည်ရှိတဲ့ ဟိမဝန္တာတောင်တန်းများပေါ်က ရေခဲအရည်ပျော်တာတွေ၊ သဘာဝမဟုတ်တဲ့ တောင်ပေါ်ရေအိုင်များ မိုးများတဲ့အခါ လျှံကျတာတွေကြောင့် ဧရာဝတီမြစ်ဖျားမှာ ရေမကြာမကြာကြီးနေတာလည်း အခုနောက်ပိုင်းမှာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ဆက်စပ်ပြီး တွေ့တွေ့နေရပါတယ်။ ဒီအခါမှာတော့ ရေထိန်းတာတမံတွေ ကျိုးပေါက်တာတွေ၊ မျောပါကုန်တာတွေ၊ မြေပြိုကျတာတွေ၊ အိမ်တွေ၊ လူတွေ ရေစီးအားနဲ့ မျောပါကုန်တာတွေ စတဲ့ ဘေးဒုက္ခတွေ ဖြစ်တော့တာပါပဲ။ အများအားဖြင့် မိုးခေါင်တဲ့နှစ်တွေရဲ့ နောက်တစ်နှစ်မှာ မြေကြီးများရဲ့ရေကို ခုခံနိုင်တဲ့ စွမ်းရည်လျော့ပါးနေချိန်မျိုးမှာ ဖြစ်ပေါ်လာတဲ့ လျှပ်တစ်ပြက်ရေကြီးမှုများဟာ အပျက်အစီး အဆုံးအရှုံး ပိုများတတ်ပါတယ်။ ဒေသကျယ် ရေကြီးမှုလောက် ရေကြီးမှုအတိုင်းအတာအားဖြင့် မကြီးပေမယ့် မြန်မာနိုင်ငံမှာ နှစ်စဉ်ဖြစ်လေ့ရှိတဲ့အတွက် အရေးပါတဲ့ ရေကြီးမှုဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ် ဇူလိုင်လမှာ မြစ်ကြီးနားမြို့မှာ ရေရုတ်တရက်တက်ခဲ့တာမျိုး၊ ပြီးခဲ့တဲ့ မေလ ၃၀ ရက်နေ့ကစပြီး ဇွန်လ ၁ ရက်နေ့လောက်အထိ မြစ်ကြီးနားမြို့အထက်မှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။

မုန်တိုင်းများကြောင့် ရေကြီးခြင်းဆိုတာကတော့ ပင်လယ်ကမ်းရိုးတန်းဒေသများ၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြစ်ဝ၊ ချောင်းဝများမှာ ဖြစ်တတ်တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။ နှစ်စဉ် ဖြစ်လေ့ဖြစ်ထမရှိဘဲ ဘင်္ဂလားပင်လယ်အော်အတွင်းက မုန်တိုင်းတွေ မြန်မာ့ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်တဲ့အခါမှ ဖြစ်တတ်တဲ့အတွက် ကြိုတင်သိနိုင်ပါတယ်။ မုန်တိုင်းများ ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်တဲ့အခါ ကမ်းခြေကိုဖြတ်တိုက်တဲ့ ပင်လယ်လေပြင်းများကြောင့် ပင်လယ်လှိုင်းလုံးကြီးတွေကို ကမ်းခြေဒေသများ၊ ကမ်းရိုးတန်းတစ်လျှောက်ရှိ မြစ်များ၊ ချောင်းများနဲ့ ရေလက်ကြားများအတွင်းကို တစ်ဟုန်ထိုး စီးဝင်စေပါတယ်။ ဒီအခါ ပင်လယ်ရေတွေဟာ ရေတိမ်ပိုင်းကမ်းရိုးတန်းဒေသကို တိုးဝင်ရခြင်း၊ မြစ်ရေစီးကြောင်းကို ဆန်စီးရတဲ့အတွက် ခုခံမှုအားကို ဆန့်ကျင်စီးဆင်းရခြင်း၊ မြစ်များ၊ ချောင်းများအတွင်းကို စီးဝင်လာရတဲ့အတွက် အောက်ခံဧရိယာ ကျဉ်းမြောင်းလာခြင်း စတာတွေကြောင့် ကမ်းခြေနဲ့ မြစ်များ၊ ချောင်းများအတွင်းရှိ ရေမျက်နှာ ပြင်များ ရုတ်တရက် မြင့်တက်လာစေပြီး ရေကြီးမှုကို ဖြစ်စေတတ်ပါတယ်။ ကာကွယ်ဖို့ အချိန်လုံလုံလောက်လောက်မရရင် အန္တရာယ်ကြီးတတ်ပါတယ်။ ရေမြုပ်ကာလကလည်း အများအားဖြင့် ၇၂ နာရီခန့်သာ ကြာမြင့်တတ်ပြီး မိုးဦးကာလများနှင့် မိုးနှောင်းကာလများမှာ အဖြစ်များပါတယ်။ ၁၉၇၅ ခုနှစ် ပုသိမ်နဲ့ဂွမြို့အကြားဖြတ်ပြီး ဝင်ရောက်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ရေကြီးခဲ့ရာ လူ ၃၀၃ ဦး၊ ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၀၁၉၁ ကောင် သေဆုံးခဲ့ပြီး အဆောက်အအုံနဲ့ စိုက်ပျိုးသီးနှံ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်ငွေ ၁၀၅ ကုဋေ ကျော်ဖိုး ဆုံးရှုံးခဲ့ပါတယ်။ ပြီးခဲ့တဲ့ မာလာမုန်တိုင်းတုန်းက ချောင်းသာကမ်းခြေကို ရေလွှမ်းမိုးခဲ့တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။

ရေကြီးမှုနဲ့ပတ်သက်လို့ ဂျပန်နိုင်ငံ၌ ၁၉၇၄ ခုနှစ်တွင် တိုနေးမြစ် (Tonegawa) နှင့် တာမိုအေးမြစ် (Tamoegawa) တို့မှာ ရေကြီးခဲ့တုန်းက ကွင်းဆင်းလေ့လာချက်များကို အောက်ပါအချက်များဟာ မှတ်သားဖွယ်ကောင်းလှပါတယ်–

(၁) အများအားဖြင့် ရေကာတာများ၊ တာတမံများဟာ ပျမ်းမျှအတန်းအစား ရေကြီးမှုများအတွက်သာ ခံနိုင်ရည်ရှိကြပါတယ်။ ထူးကဲရေကြီးမှုမျိုးနှင့် ကြုံကြိုက်တဲ့အခါမှာ စိတ်ချရမှုမရှိတော့တတ်တာတွေ့ရပါတယ်။

(၂) ရေလွှမ်းမိုးတဲ့အရပ်မှာရှိတဲ့ ဒေသခံလူများမှာ သက်ဆိုင်ရာဌာနက ထုတ်ပြန်တဲ့သတိပေးချက်တွေကို ရာခိုင်နှုန်းတော်တော်များများက သိရှိပေမယ့် ၎င်းတို့အနက် ရာခိုင်နှုန်းအနည်းငယ်ကသာ သတိပေးချက်ကို အလေးထားတတ်ကြပါတယ်။

(၃) ဒေသခံလူအများစုမှာ ရေလွှမ်းမိုးမည့်အန္တရာယ်ကြီးမားတဲ့ မြေနိမ့်အရပ်များမှာ နေထိုင်လျက်ရှိနေကြပေမယ့် အများအားဖြင့် မိမိတို့နေထိုင်ရာအရပ်ဒေသဟာ ရေကြီးမှုအန္တရာယ်မျိုး ကြုံကြိုက်နိုင်တယ်ဆိုတာကို အလေးမထားတတ်ကြဘူး။

အဲဒီလို ဆိုထားပါတယ်။

ဒါကြောင့် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရာမှာ မြေယာတွေ စနစ်တကျအသုံးချဖို့၊ ဘေးအန္တရာယ်ကာကွယ်နိုင်မယ့် အဆောက်အအုံတွေ ဆောက်လုပ်ဖို့၊ သတိပေးချက်များ ဒေသခံလူအများဆီကို အချိန်မီ ရောက်ရှိဖို့၊ ဒေသဆိုင်ရာ ရာသီဥတု ဗဟုသုတတွေ ပြန့်ပွားဖို့၊ မြေယာအမျိုးအစားများနဲ့ ဘေးအန္တရာယ်အခြေအနေပြမြေပုံတွေ ပြုစုဖို့၊ ဘေးအန္တရာယ် ကျရောက်တဲ့အခါ စနစ်တကျ ညီညီညာညာ ဝိုင်းဝန်းခုခံကာကွယ်ဖို့၊ အန္တရာယ် ကာကွယ်ရေးနဲ့ဆိုင်တဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းထားဖို့ စတဲ့ လုပ်ငန်းတွေ အထူးလိုအပ်တာကို အတိတ်အတွေ့အကြုံများက ဖော်ညွှန်းနေပါတယ်။

၂၀၀၆ ခုနှစ်ဟာ ရေကြီးမှုအတွက် သတိထားဖို့ လိုပါလိမ့်မယ်။ လောလောဆယ်မှာပဲ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံမြောက်ပိုင်းတို့မှာ ရေကြီးမှုဘေးတွေ့ခဲ့ရပြီးပါပြီ။ မြန်မာနိုင်ငံမှာလည်း ဧရာဝတီမြစ်ဖျားပိုင်းမှာ လျှပ်တစ်ပြက်ရေကြီးမှု ကြုံတွေ့ထားရပါတယ်။ အန္တရာယ်ကြီးတဲ့ ထူးကဲတဲ့ ရေကြီးခြင်း (Phenomenal Floods) နှင့် ပတ်သက်ပြီး အရေးကြီးတဲ့ အချက်နှစ်ခုရှိပါတယ်။ ထူးကဲရေကြီးမှုတွေဟာ မကြာခဏဖြစ်လေ့မရှိပါဘူး။ ရာစုနှစ်တစ်ခုမှာ တစ်ကြိမ် နှစ်ကြိမ်သာဖြစ်လေ့ရှိပါတယ်။ အဲဒီလို ထူးကဲရေကြီးမှုကြီးတွေအတွက် ဒီကနေ့ လူသားများအားထားနေတဲ့ ရေကာတာများ၊ တာတမံများ စတဲ့ အဆောက်အအုံဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေဟာ အားနည်းပြီး ထိရောက်မှုမရှိတတ်ခြင်းဟာ ပထမအချက်ဖြစ်ပါတယ်။ ဒီတော့ ၂၀၀၄ ခုနှစ် ရေကြီးတုန်းကလို အစီအမံကောင်းတွေလိုအပ်ပါတယ်။

၂၀၀၄ခုနှစ် ရေကြီးကာလတုန်းက ဧရာဝတီတိုင်း ဟင်္သာတခရိုင် ရေဘေးကာကွယ်ရေးအဖွဲ့၊ ကွပ်ကဲရေးအဖွဲ့များ၏ လုပ်ငန်းစီမံချက်များ စေ့စပ်ကောင်းမွန်လှပုံကို ဥပမာပေးတင်ပြပါရစေ။ ရန်ပုံငွေအင်အား၊ လူအင်အားများကို အသုံးပြုခဲ့ကြပါတယ်။ စိုက်ပျိုးမြေ ၄၉၉၆၂၆ ဧကကို ရေဘေးမှ ကာကွယ်ပေးထားတဲ့ တာအရှည် ၂၀၀ဒသမ၄ မိုင်ရှိတဲ့ ဟင်္သာတတာကို တာရိုးတစ်လျှောက်မှာ နှစ်ဖာလုံအကွာမှာ ရေကင်းတစ်ကင်းနှုန်းနဲ့ ရေကင်းပေါင်း ၂၉၉ ကင်းကို ဖွင့်လှစ်ထားပြီး တစ်ကင်းမှာ နေ့ဆိုင်း၊ ညဆိုင်း နှစ်ဆိုင်းနှုန်း၊ တစ်ဆိုင်းကို လူလေးယောက်နှုန်းနဲ့ ရေကြီး ကာလတစ်လျှောက်လုံး နေ့/ညမပြတ် စောင့်ကြပ်ခဲ့ကြပါတယ်။ စောင့်ကြပ်ရာမှာလည်း တာအပေါ်မှာ တစ်ယောက်၊ တာအခြေမှာ တစ်ယောက်နှုန်းနဲ့ ကင်းတစ်ခုနဲ့တစ်ခု မျက်နှာချင်းဆိုင် လူချင်းဆုံမိတဲ့အထိ စနစ်တကျစစ်ဆေးကြရပါတယ်။ စုစုပေါင်း အသုံးပြု ဖွဲ့စည်းထားတဲ့အင်အားဟာ ၃၄၄၆၈ ဦးရှိပါတယ်။ စောင့်ကြပ်ရာမှာ ရေကင်းတစ်ခုတိုင်းမှာ နားဖို့၊ အိပ်ဖို့၊ စားဖို့၊ အရေးပေါ် အကြောင်းကြားဖို့ အားလုံးအတွက် စနစ်တကျနဲ့ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်ခံ့ခံ့နဲ့ တည်ဆောက်ထားတာကို တွေ့ရပါတယ်။

ရေကင်းတစ်ကင်းနဲ့တစ်ကင်း၊ ရေကင်းတွေနဲ့ ကွပ်ကဲရေးရုံး စတာတွေကိုဆက်သွယ်ရေး လွယ်ကူစေဖို့ ကြိုးမဲ့စကားပြောစက်များကို အသုံးပြုစေပါတယ်။ အရေးပေါ်ကြုံလာရင် ပြည်သူများကို ကြိုကြိုတင်တင် အကြောင်းကြားနိုင်ဖို့အတွက် အသံချဲ့စက်များကိုလည်း ရေကင်းတိုင်းမှာ တပ်ဆင်ပေးထားပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့လည်း ညအိပ်ညနေကြီးကြပ်ခဲ့ကြပါတယ်။ ဆည်မြောင်းစခန်းပေါင်း ၁၂စခန်းကို ဖွင့်လှစ်ပြီး စခန်းတစ်ခုတိုင်းမှာ ယခင်ရေဘေးကာကွယ်မှု အတွေ့အကြုံရှိတဲ့ အကြီးတန်းလက်ထောက်အင်ဂျင်နီယာတစ်ဦးစီကို ကြီးကြပ်စေခဲ့ပါတယ်။

ရလဒ်ကတော့ ကာကွယ်ရေးဆောင်ရွက်မှုအနေဖြင့် ရေကြီးကာလ ၁၉ ရက်အတွင်း ဟင်္သာတရေကာတာ တာရိုးတစ်လျှောက်တွင် ထူးပေါက်နဲ့ရေပေါက်ပေါင်း ၃၁၃ပေါက်၊ သဲဗွက်ထနေရာ ၂၈နေရာနှင့် တာလျှော တာအိနေရာ သုံးနေရာကို အချိန်မီရှာဖွေဖော်ထုတ်ပြုပြင် ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။ တာပေါက်တစ်ခုဖြစ်ပေါ်တိုင်း ကျွမ်းကျင်တဲ့ ဝန်ထမ်းများနဲ့ ဆောင်ရွက်သည့်တိုင် ခြောက်နာရီမျှကြာအောင် ပြုပြင်ကြရပါတယ်။ အချို့အပေါက်တွေဟာ အရွယ်အစားကြီးမားပြီး ရေထွက်နှုန်းများတဲ့အတွက် နှစ်ဆင့်၊ သုံးဆင့်ထပ်ရံပြီး တားဆီးကြရပါတယ်။ အချိန်မီသာ မထိန်းသိမ်းနိုင်ခဲ့ရင် အမှန်တကယ် တာကျိုးပေါက်မယ့်နေရာတွေဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ အဲဒီထူးကဲရေကြီးမှုမျိုးကို လူအများဟာ အတွေ့အကြုံ မရှိတတ်ကြပါဘူး။ ဒါကြောင့် လျှော့ပေါ့တွက်ဆ တတ်ကြပါတယ်။ ဒါကြောင့် လျှော့ပေါ့မတွက်ဆကြဖို့ လိုအပ်ပါတယ်။ အဲဒီအချက်နှစ်ချက်ဟာ ထူးကဲရေကြီးမှုမျိုးနဲ့ ကြုံကြိုက်လာတဲ့အခါ အပျက်အစီး အဆုံးအရှုံးကြီးမားစေနိုင်တဲ့ အချက်များဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းမှာ အဓိကလိုအပ်တာကတော့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ဖို့ သတိပေးချက်ထုတ်ပြန်ပေးတဲ့ အဖွဲ့အစည်း (Producer)**တွေရယ်၊ ဒါကို အသုံးပြုကြမယ့် ပြည်သူလူထု အဖွဲ့အစည်း** (User)**တွေရယ်၊ ဒီနှစ်ခုကိုပေါင်းစည်းပေးမယ့် သတင်းမီဒီယာ ဆက်သွယ်ရေးအဖွဲ့အစည်း** (Media)**တွေရယ်၊ ဒီသုံးဦးသုံးဖလှယ် ဟန်ချက်ညီညီ၊ အပေးအယူမျှမျှ၊ နားလည်မှုရှိရှိနဲ့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းသည်သာ အဓိကဖြစ်ပါတယ်လို့ ဆိုပါရစေတော့ ခင်ဗျာ။** ။

အနောက်အုပ်စု၏ ကန့်သတ်ပိတ်ပင်မှုများကို လက်မခံ ဘီလာရုစ်နိုင်ငံက တုံ့ပြန်အရေးယူမှုများ ပြုလုပ်

မင့်စ် ဇွန် ၁၁

ဘီလာရုစ်နိုင်ငံသမ္မတ အလက်ဇန်းဒါးလူကာရှင်ကို သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရမှုနှင့်စပ်လျဉ်း၍ ရှုတ်ချသည့်အနေဖြင့် အနောက်အုပ်စုနိုင်ငံများက သမ္မတလူကာရှင်ကိုနှင့်တကွ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် ၃၀ တို့အား ကန့်သတ်မှုများနှင့် ပိတ်ပင်မှုများပြုလုပ်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ဘီလာရုစ်အစိုးရက ဥရောပသမဂ္ဂနှင့် အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များကို တန်ပြန်ပိတ်ပင်ကန့်သတ်မှုများ ပြုလုပ်လိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတ လူကာရှင်ကိုသည် မတ်လကကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယမြောက် သမ္မတရာထူးသက်တမ်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် ရွေးကောက်ပွဲတွင် မသမာမှုပြုလုပ်ခဲ့ သည်ဟု စွပ်စွဲခံရကာ အနောက်အုပ်စုဝင်နိုင်ငံများက ပယ်ချခဲ့သည်။

အီးယူနှင့် အမေရိကန်တို့က ရွေးကောက်ပွဲနှင့်ပတ်သက်သည့် တာဝန်ရှိသူ ၃၀ ကျော်နှင့် သမ္မတကို ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့ပြီး ၎င်းတို့၏ ဘဏ်အပ်နှံငွေများကို ထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

ယင်းလုပ်ရပ်အတွက် တုံ့ပြန်သည့်အနေဖြင့် ဥရောပသမဂ္ဂနှင့် အမေရိကန်တာဝန်ရှိသူများကို တုံ့ပြန်အရေးယူကန့်သတ်သည့် အစီအစဉ်များ ချမှတ်ရခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဘင်ဒရေပိုပေါ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကန် မော်တော်ယာဉ်တန်း ဗုံးခွဲ တိုက်ခိုက်ခံရ

ယာကူးဘီ (အာဖဂန်နစ္စတန်) ဇွန် ၁၁

ဆယ်ကျော်သက်အရွယ် တာလီဘန် ဗုံးဖောက်ခွဲသူတစ်ဦးက ၎င်းစီးနင်းလာသည့် အငှားယာဉ်တစ်စီးကို အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အမေရိကန်အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းအတွင်း အင်္ဂါနေ့က ဝင်တိုက်ခဲ့ပြီး ဗုံးဖောက်ခွဲသဖြင့် ၎င်းသေဆုံးသွားကာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

စစ်သွေးကြွများ နေထိုင်ရာ ပါကစ္စတန်နှင့် နယ်စပ်ချင်း ထိနေသည့် တောင်ထူထပ်ရာ ခို့စ်ပြည်နယ်ရှိ အမေရိကန်အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ အဓိက အခြေစိုက်စခန်း မြောက်ဘက် ၁၅ကီလိုမီတာအကွာတွင် ဗုံးဖောက်ခွဲသူက အပေါင်းပါတပ်ဖွဲ့၏ တိုက်ခိုက်ရေးကင်းလှည့် မော်တော်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓီဝဒီဇယ်သန့်စင်စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဇွန် ၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘတ်စ်ကားနှင့် ကုန်တင်ကား တိုက်မိ ငါးဦးထက်မနည်း သေဆုံး

ဒါကာ ဇွန် ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဘတ်စ်ကားနှင့် ကုန်တင်ကား ကြာသပတေးနေ့တွင် ခေါင်းချင်းဆိုင် တိုက်မိရာ သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးအပါအဝင် ငါးဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၀ ရှိကြောင်း၊ အခင်းဖြစ်ပွားရာနေရာမှာ ဒါကာမြို့၏ အနောက်ဘက် ၂၅ ကီလိုမီတာအကွာရှိ ဆာဗရာဒေသဖြစ် ကြောင်း ယူအင်ဘီပုဂ္ဂလိကသတင်းဌာနက ဖော်ပြသည်။

ဘတ်စ်ကားကို ကုန်တင်ကားက ဝင်ရောက်တိုက်မိပြီး လူအများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အသက် (၈၀)ရှိ အမျိုးသမီးအပါအဝင် ဘတ်စ်ကားပေါ်မှ ခရီးသည်သုံးဦးနှင့် ကုန်တင်ကားမောင်းသူတို့ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

ယာဉ်တိုက်မှုကြောင့် ဘတ်စ်ကားပေါ်၌ လိုက်ပါလာသူ ခရီးသည် ၃၀ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ကို ဒေသဆိုင်ရာဆေးရုံသို့တင်ထားကြောင်း၊ ဒဏ်ရာရရှိသူတစ်ဦး ဆေးရုံတွင် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မီရာပီမီးတောင် လှုပ်ရှားမှုကြောင့် ဒေသခံများ ပြောင်းရွှေ့ခဲ့ရ

ဂျော့ဂျ်ဂျကာတာ ဇွန် ၁၁

အင်ဒိုနီးရှားနိုင်ငံ မီရာပီမီးတောင် ဆင်ခြေလျှောဒေသတွင် နေထိုင်ကြသူများသည် ခိုလှုံရေးစခန်းများသို့ ပြောင်းရွှေ့သွားကြောင်း၊ လွန်ခဲ့သောရက်အနည်းငယ်က မီးတောင်လှုပ်ရှားမှုအား ပိုမိုပြင်းထန်လာပြီး ချော်ရည်များ ထွက်လာချိန်မှ ပြောင်းရွှေ့သွားသူ ၁၈၀၀၀ ကျော်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဖွင့်လှစ်ပေးထား

မီရာပီမီးတောင် လှုပ်ရှားမှုသတိပေးချက်ကို မေလကတည်းက အမြင့်ဆုံးအဆင့်အထိ တိုးမြှင့်လိုက်ကြောင်း၊ ဂျော့ဂျ်ဂျကာတာပြည်နယ်နှင့် ဂျာဗားကျွန်းအလယ်ပိုင်းတွင် ခိုလှုံရေးစခန်း ရာပေါင်းများစွာကို ဒေသဆိုင်ရာအာဏာပိုင်များက ဖွင့်လှစ်ပေးထားကြောင်း ဖော်ပြသည်။

ဂျာဗားကျွန်း မာဂီလန်ဒေသစခန်းတွင် ဒုက္ခသည်ပေါင်း ၁၁၃၉ ဦး၊ ကလက်တန်ဒေသတွင် ၄၄၇၂ ဦးနှင့် ဂျော့ဂျ်ဂျကာတာပြည်နယ် ဆလီမန်ဒေသတွင် ၂၂၉၇ ဦးရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကျောက်မီးသွေးတွင်း၌ ရေလွှမ်းမိုး မိုင်းလုပ်သား ကိုးဦး ပျောက်ဆုံးလျက်ရှိ

ချုံကင်း ဇွန် ၁၁

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းမြူနီစီပယ်ဒေသရှိ ကျောက်မီးသွေးတွင်းတစ်တွင်းတွင် ကြာသပတေးနေ့ စောစောပိုင်းက ရေလွှမ်းမိုးမှုဖြစ်ပွားရာ ကျောက်မီးသွေးတူးသူ ကိုးဦး ပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ယင်းနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဟု ဒေသန္တရအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နန်ချွန်းမြို့ နန်ပင်ဒေသရှိ ဟူရှန် ကျောက်မီးသွေးတွင်းတွင် ကျောက်မီးသွေး တူးရလွယ်ကူစေရန် အတွက် ကျောက်တောင်ကို ဖောက်ခွဲမှုပြုလုပ်ပြီး ၁၀ မိနစ်ခန့် အကြာတွင် ရေလျှံမှုဖြစ်ပွားလာခဲ့ခြင်း ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ကျောက်မီးသွေးတူးသူ ၁၈ ဦးမှာ ကျောက်မီးသွေးတွင်းအတွင်း အလုပ်လုပ်ကိုင်နေပြီးမိုင်းလုပ်သားရှစ်ဦးမှာမူ လွတ်မြောက်ခဲ့သည်။ အရေးပေါ်ကယ်ဆယ်ရေးဌာနချုပ်ကကျောက်မီးသွေးတွင်းပိုင်ရှင်ကို ထိန်းသိမ်းထားရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာနိုင်ငံ ရီယိုနီဂရိုးလေဆိပ်မှအတက်တွင် ပြေးလမ်းချော်သွားသော ဘိုးရင်း-၇၄၇ ကုန်တင်လေယာဉ်ကို ဇွန် ၇ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာသံပြည်နယ်တွင် ရေလွှမ်းမိုးမှုဖြစ်ပွား

နယူးဒေလီ ဇွန် ၁၁

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မုတ်သုံမိုးရွာသွန်းမှုကြောင့် အဓိကမြစ်များအားလုံး၌ မြစ်ရေကြီးနေသဖြင့် လူ ၆၆၀၀၀ ခန့် အိုးပစ်အိမ်ပစ် ထွက်ခွာသွားခဲ့ကြရကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက သောကြာနေ့တွင် ပြောကြားသည်။ မြေပဟက်တာ ၁၃၀၀၀ ခန့်သည်လည်း ရေလွှမ်းမိုးခံခဲ့ရသည်ဟု တရားဝင်ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

တာဝန်ရှိပုဂ္ဂိုလ်များက ရေဘေးဒုက္ခသည်များကို ဘေးကင်းရာ နေရာများသို့ ရွှေ့ပြောင်းပေးထားပြီး ကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံဝေငှပေးလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လူလေးဦးကို ငါးမန်းအန္တရာယ်မှ ကယ်တင်ပေးနိုင်

ဝယ်လင်တန် ဇွန် ၁၁

တောင်ပစိဖိတ်ဒေသရှိ တွန်ဂါနိုင်ငံအနီး ငါးမန်းများ ကျက်စားသည့် ရေပြင်တွင် သောကြာနေ့ မွန်းလွဲပိုင်းက အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားခြင်းမရှိသူ လူလေးဦးကို နယူးဇီလန်လေတပ် လေယာဉ်တစ်စင်းက ကယ်တင်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။ အဆိုပါ လေယာဉ်သည် ငါးဖမ်းသင်္ဘောတစ်စင်းမှ အရေးပေါ်အချက်ပြမှုကြောင့် ကယ်တင်ပေးနိုင်ရန် ရောက်ရှိလာသည့် လေယာဉ်ဖြစ်ကြောင်း နယူးဇီလန် ကာကွယ်ရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ဆူနင်မြို့တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်ဘောလုံးပုံ ကိတ်မုန့်ကြီးပြုလုပ်နေသည်ကို ဇွန် ၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်တွင်းလုံခြုံရေးနှင့်ပတ်သက်၍ ကန်အမတ်ဝေဖန်မှု ကနေဒါအစိုးရ ပြစ်တင်ရှုတ်ချ

အော့တဝါ ဇွန် ၁၁

ကနေဒါနိုင်ငံသည် အကြမ်းဖက်သမားများ ပေါက်ဖွားခိုအောင်းရာ နေရာဖြစ်သည်ဟူသော အမေရိကန် အောက်လွှတ်တော် အမတ်တစ်ဦး၏ ပြောကြားချက်သည် ရေရေရာရာမရှိ၊ ဆင်ခြင်တုံတရားမရှိ ပြောကြားချက်သာဖြစ်ကြောင်း ကနေဒါအစိုးရက အတိုက်အခံပါတီနှင့် အတူ သောကြာနေ့က ပြစ်တင်ရှုတ်ချပြောကြားလိုက်သည်။

တိုရွန့်တိုမြို့တွင်းနှင့် မြို့ပြင်တို့တွင် ရဲတပ်ဖွဲ့က မွတ်စလင် ၁၇ ဦးကို လွန်ခဲ့သည့်ရက်သတ္တပတ်က ဖမ်းဆီးခဲ့ရာ ငါးဦးသည် အသက် ၁၈နှစ်အောက်လူငယ်များ ဖြစ်ကြသည်။ ၎င်းတို့သည် ကနေဒါနိုင်ငံရှိ အဓိက မြို့ကြီးများတွင် ဗုံးဖောက်ခွဲရန်နှင့် စစ်သွေးကြွများကို သင်တန်းပေးရန် ကြံစည်နေသူများဖြစ်သည်ဟု အစွပ်စွဲခံရသူများ ဖြစ်သည်။

ကနေဒါနိုင်ငံသည် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်း ၅၀ တို့ကို လက်ခံထားသည်ဟု နယ်စပ်လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အောက်လွှတ်တော် ဆပ်ကော်မတီဥက္ကဋ္ဌ ဂျွန်ဟော့စတက်လာက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ကနေဒါအစိုးရသည် မိမိနိုင်ငံနှင့် စပ်လျဉ်း၍ မမှန်မကန်ပြောကြားမှုနှင့် ပတ်သက်၍ တုံ့ပြန်ရန် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ဆိုခြင်းနှင့် အမေရိကန် မီဒီယာသတင်းဌာနများနှင့် နိုင်ငံရေးသမားများ ဖြစ်ရပ်အမှန်ကို သိရှိနားလည်ရေးအတွက် မည်သို့ ဆောင်ရွက်သွားမည်ဆိုခြင်းတို့ကို အတိုက်အခံ လစ်ဘရယ်ပါတီ အကြီးအကဲ ဘီဂရေဟမ်က အစိုးရတာဝန်ရှိသူများအား ပါလီမန်တွင် မေးမြန်းသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ လုံခြုံရေးအတွက် မော်တော်ကားများကို စစ်ဆေးနေသော ရဲတပ်ဖွဲ့ဝင်များကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆိုက်ပရပ်စ်လေဆိပ်ကို စီအိုင်အေ အသုံးပြုသည်ဆိုမှု မဟုတ်မမှန်ကြောင်း ငြင်းဆို

နီကိုးရှား ဇွန် ၁၀

အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန(စီအိုင်အေ)က ဆိုက်ပရပ်စ်လေဆိပ်ကိုအသုံးပြုကာ စစ်သွေးကြွများအဖြစ် မသင်္ကာသူများကို တိတ်တဆိတ် ပို့ဆောင်မှု လုပ်ရပ်များကို ဆိုက်ပရပ်စ်အစိုးရက မသိရှိကြောင်း ကြာသပတေးနေ့တွင် ငြင်းဆိုလိုက်သည်။ သို့ရာတွင် အမေရိကန် ပုဂ္ဂလိက လေယာဉ်တစ်စင်းသည် ဆိုက်ပရပ်စ် လေဆိပ်ကို ၂၀၀၄ ခုနှစ်အတွင်းကအသုံးပြုခဲ့ဖူးကြောင်း ပြောကြားသည်။

ပူးပေါင်း

အကြမ်းဖက် စစ်သွေးကြွများအဖြစ် မသင်္ကာသူများကို စစ်ဆေးမေးမြန်းရန်အတွက် ၎င်းတို့ကို လေယာဉ်ဖြင့် သယ်ဆောင်ပေးခဲ့ရာတွင်ဆိုက်ပရပ်စ်အပါအဝင် နိုင်ငံ ၂၀ ကျော်တို့က စီအိုင်အေနှင့် တိတ်တဆိတ် ပူးပေါင်း လုပ်ဆောင်ခဲ့သည်ဟု လူ့အခွင့်အရေးအုပ်စုက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ထုတ်ဖော်ပြောကြား

ဆိုက်ပရပ်စ်နိုင်ငံရှိ လာနာကာ လေဆိပ်မှ အကြမ်းဖက်သမားအဖြစ် မသင်္ကာသူများကို လေယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း ဥရောပကောင်စီမှ စုံစမ်းစစ်ဆေးရေးမှူး ဒစ်မာတီက ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် ချောင်းမြောင်းပစ်ခတ်

ကဘူး ဇွန် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းဒေသတွင် ရဲတပ်ဖွဲ့ဝင်လေးဦး ချောင်းမြောင်း ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ကြောင်း အနောက်ပိုင်းဒေသရှိ နင်ရော့ဇ်ပြည်နယ်တွင် တာလီဘန် တပ်မှူးတစ်ဦးကို လက်ရဖမ်းမိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက သောကြာနေ့တွင် ပြောကြားသည်။

အာဖဂန်ရဲတပ်ဖွဲ့က နင်ရော့ဇ်ခရိုင် ချက်ဟန်ဆာရာဒေသတွင် စစ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်စဉ်အတွင်း နင်ရော့ဇ်ပြည်နယ်ရှိ ခရိုင်သုံးခုအတွက် တာဝန်ယူထားသည့် တာလီဘန်တပ်မှူး တစ်ဦးဖြစ်သည့် မူလာမန်နန်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဇွတ်စတန်နီဇိက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လေကြောင်းပျံသန်းမှု ထိန်းသိမ်းရေးမှူးအသင်း ညီလာခံကျင်းပမည်

ဒါရက်ဆလမ် ဇွန် ၁၁

(၄၇)ကြိမ်မြောက် နိုင်ငံတကာ လေကြောင်းပျံသန်းမှု ထိန်းသိမ်းရေးမှူးများအသင်းညီလာခံကို တန်ဇန်းနီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့လေကြောင်းပျံသန်းမှု ထိန်းသိမ်းရေးမှူးများ ညီလာခံကို တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်း အရူရှာ မြို့၌ ၂၀၀၈ ခုနှစ် မတ် ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တန်ဇန်းနီးယားလေကြောင်း ပျံသန်းမှုထိန်းသိမ်းရေးမှူးများ အသင်းက ကြေညာသည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၁၃၉ နိုင်ငံမှ ကိုယ်စားလှယ်နှင့် ဝန်ထမ်း ၈၀၀ ခန့် တက်ရောက် ဖွယ်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ဒေသဆိုင်ရာ ကမ်းရိုးတန်းစောင့် တပ်ဖွဲ့များ ပူးတွဲ စစ်ရေးလေ့ကျင့်နေသည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မူးယစ်ဆေးဝါးမှုဖြင့် မသင်္ကာသူ ၁၇ ဦးကို ကိုလံဘီယာ ရဲတပ်ဖွဲ့က ဖမ်းဆီး

ဘိုဂိုတာ ဇွန် ၁၁

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပဒေသများသို့ မူးယစ်ဆေးဝါး တင်ပို့နေသည့် မှောင်ခိုသမားများကို ပစ်မှတ်ထား၍ ကိုလံဘီယာနိုင်ငံရှိ မြို့သုံးမြို့တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လှုပ်ရှားမှုများ ပြုလုပ်နေစဉ်အတွင်း ကိုလံဘီယာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး ရောင်းဝယ်သူများအဖြစ် မသင်္ကာသူ ၁၇ ဦးကို ကြာသပတေးနေ့က ဖမ်းဆီးလိုက်သည်။

မှောင်ခိုကွန်ရက်

ကာတာဂျီနာ၊ မီဒယ်လင်နှင့် ဘိုဂိုတာမြို့တော်တို့တွင် ဖမ်းဆီးရမိခဲ့သည့် မသင်္ကာသူများသည် မူးယစ်ဆေးဝါးများကို ဘိုဂိုတာမြို့တော်မှ အယ်လ်ဒိုရာဒိုလေဆိပ်သို့ ယေယာဉ်ဖြင့် တင်ပို့နေသည့် မူးယစ်ဆေးဝါး မှောင်ခိုကွန်ရက်မှ လူအချို့ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်

အဆိုပါ မသင်္ကာသူများအနက် တစ်ဦးသည် ပြည်ပနိုင်ငံသားတစ်ဦးဖြစ်ပြီး မူးယစ်မှောင်ခိုဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်ဖွယ်ရှိသည်။ ဖော်ပြပါ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လှုပ်ရှားမှုကို ကိုလံဘီယာ ရှေ့နေချုပ်ရုံးက ရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဖမ်းဆီးရရှိသူများကို ၎င်းတို့၏ နိုင်ငံသို့ ပြန်ပို့ပေးမည် မဟုတ်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှား၌ ထရပ်ကားထုတ်လုပ်မှုမြှင့်တင်

ကွာလာလမ်ပူ ဇွန် ၁၁

ဖော်လ်ဗို မလေးရှား မော်တော်ယာဉ်ကုမ္ပဏီသည် ယခုနှစ်တွင် ထရပ်ကားစီးရေ ၄၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ အထက်တန်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ထရပ်ကားဝယ်လိုအား ဆက်လက်တိုးတက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကားဈေးကွက်သည် အလွန်ယှဉ်ပြိုင်လုပ်ကိုင်ရသည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း ဖော်လ်ဗို မလေးရှားကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူး အိုလော့ဖ်ရက်က ပြောကြားသည်။ ဖော်လ်ဗို မလေးရှားကုမ္ပဏီသည် ဆွီဒင် အခြေစိုက် အေဘီဖော်လ်ဗိုအုပ်စု၏ လက်အောက်ခံကုမ္ပဏီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဟန်ဂေရီနိုင်ငံဂက်စ်တယ်ယီမြို့တွင် မြစ်ရေကြီးမှုကြောင့် ရေဘေးကာကွယ်ရေးအတွက် သဲအိတ်များ ချနေသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဏုမြူစွမ်းအင်ဆိုင်ရာ စက်မှုလုပ်ငန်း ရုရှားမြှင့်တင်ဆောင်ရွက်မည်

မော်စကို ဇွန် ၁၁

ရုရှားနိုင်ငံသည် အဏုမြူစွမ်းအင်ဆိုင်ရာ စက်မှုလုပ်ငန်းကို မြှင့်တင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတဗလာဒီမာပူတင်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။

ရုရှားနိုင်ငံတွင် နျူကလီးယားဓာတ်အား ထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် နျူကလီးယားဆိုင်ရာ စက်မှုလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း ပူတင်က ပြောကြားသည်။

ရုရှားနိုင်ငံသည် ယူရေနီယံ သန့်စင်မှုလုပ်ငန်းတွင် နိုင်ငံတကာဗဟိုဌာနဖြစ်လာရန် ကြိုးပမ်းမည် ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မိုင်တိုင် (၁၈/၇)ရှိ သီးခြားကျွန်းစိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ မကွေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းက ကျွန်းအထူးစိုက်ခင်း စိုက်ပျိုးထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်စိုက်ဧကများအတွင်း ရာနှုန်းပြည့်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တရားမဝင် သစ်ခုတ်လှဲသူတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေး၍ သီးခြားကျွန်းစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသီးခြား ကျွန်းစိုက်ခင်း အကွက်အမှတ် (၃၁)၌ စိုက်ခင်းဧက ၃၀၀ကို တစ်ဧကလျှင် အပင် ၅၄၀နှုန်းဖြင့် အပင်ပေါင်း ၁၆၂၀၀၀ကို ၂၀၀၄ ခုနှစ်တွင် အေးရှားဝေါကုမ္ပဏီနှင့် ဒဂုံအင်တာနေရှင်နယ်လီမိတက်တို့က စိုက်ပျိုးခြင်းဖြစ်သည်။ ၂၀၀၅ခုနှစ်တွင် ကျွန်းစိုက်ခင်းဧက ၈၀၀ကို ဆက်လက်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်-မကွေးလမ်း၏ မိုင်တိုင်အမှတ်(၂၆/၄)ရှိ ရန်ပယ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး ပရပ်ကြယ်ကျေးရွာအနီးသို့ရောက်ရှိကြပြီး ဒေသခံတောင်သူများက သီးထပ်ရင်နှင့် ရွှေသွယ်ရင်စပါးမျိုး နွေစပါး၊ မိုးစပါးများ စိုက်ပျိုးထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လယ်ယာများ တိုးချဲ့စိုက်ပျိုးကြပြီး လက်တွန်းထွန်စက်များကို ကျေးရွာများအလိုက် အသုံးပြုရေးနှင့် စက်သုံးဆီအတွက် ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်ကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ ပရပ်ကြယ်ကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် ငါးဧက၌ အပင်ပေါင်း ၆၀၀၀ကို စိုက်ပျိုးကြကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ရန်ပယ်ရေလှောင်တမံသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းနှင့် တာဝန်ရှိသူများက ဆည်ရေဝင်ရောက်မှုအခြေအနေနှင့် နွေစပါး၊ မိုးစပါးရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆည်၏စီမံကိန်းဧကမှာ ၁၀၀၀၀ဖြစ်ပြီး ယခင်နှစ်က မိုးစပါးဧက ၈၇၀၀စိုက်နိုင်ခဲ့၍ ဧက ၁၃၀၀လိုအပ်သေးကြောင်း၊ တိုးချဲ့နိုင်သည့် မြောင်းလက်တံများကို ကားလမ်းနှင့်ရထားလမ်းအနောက်ဘက်သို့ တိုးချဲ့၍ ဧက ၁၀၀၀၀ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရေးမှာကြားကာ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ရန်ပယ်ရေလှောင်တမံစီမံကိန်းသည် တောင်တွင်းကြီးမြို့နယ် ရန်ပယ်ချောင်းအတွင်း စီးဆင်းလာသောရေကိုသိုလှောင်၍ စိုက်ပျိုးရေကိုအကျိုးရှိရှိ အသုံးချလျက် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နေသော အထူးစီမံကိန်းဖြစ်ပြီး စိုက်ပျိုးမြေဧရိယာဧက ၁၀၀၀၀ ကို ဆည်ရေပေးဝေနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး ရန်ကုန်-ပြည်-မန္တလေးလမ်းရှိ မိုင်တိုင် (၂၆၃/၁)၌ တည်ဆောက်ထားသည့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံစီမံကိန်း(ရန်ပယ်)သို့ ရောက်ရှိကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး စက်ရုံရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် အထွေထွေမန်နေဂျာ ဒေါက်တာချိုဝင်းမော်တို့က စက်ရုံတည်ဆောက်မှုနှင့် စမ်းသပ်လည်ပတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံဝင်းအတွင်း စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စက်ရုံသည် ပြည်တွင်း၌ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီ ဖူလုံစေရေးကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးရန်နှင့် ကော်မှုန့်အခြေခံသော စက်မှုလက်မှုလုပ်ငန်းများအတွက် ကော်မှုန့်ကုန်ကြမ်းဖြည့်ဆည်းပေးရန်၊ ပြောင်းဖူးဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစားအစာအဖြစ် ထုတ်လုပ်နိုင်ရန်၊ ကျွမ်းကျင်မှုနည်းပညာသစ်များ တိုးပွားလာစေရန်၊ ဒေသအလုပ်အကိုင်သစ်များပေါ်ထွန်းလာရန်နှင့် ပြည်တွင်းပြည်ပ ဝင်ငွေများရရှိစေရန်ဟူသည့် ရည်မှန်းချက်များဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီး-ပြည်လမ်း မိုင်တိုင်(၂၅၈)ရှိ တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းခြံစည်းရိုးကြက်ဆူပင် သုံးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီး-ပြည်လမ်း၏ စစ်အောင်ကျေးရွာ မိုင်တိုင်(၂၂၉)ရှိ သရက်ခရိုင် အောင်လံမြို့နယ်၏ ဌာနဆိုင်ရာ စုပေါင်းစိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်(၂၂၆/၂)ရှိ အရှည် ၃၀၆ ပေရှည်သော ကြေးနီချောင်းတံတားသို့ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၂၁၂)ရှိ ဘွက်ကြီးတံတားစီမံကိန်းသို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားတည်ဆောက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် ရန်ကုန်-မကွေးလမ်းမကြီးပေါ်၌ အရေးပါသော တံတားတစ်စင်းဖြစ်ပြီး တံတားတစ်ခုလုံး၏အရှည်မှာ ပေ ၁၇၇၀ရှိကာ တံတားအမြန်ဆုံးတည်ဆောက်ပြီးစီးရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သရက်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဇွန် ၁၂ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Oleg V. Kabanov နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်း ဦးသုန္ဒရ (မိုးကုတ်ဓမ္မကထိက) အရှင်သူမြတ်သည် နတ်တလင်းမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၂၁) ဓမ္မရိပ်သာ၌ ဇွန် ၂၅ရက်မှ ဇူလိုင် ၁ရက်အထိကျင်းပမည့် ခုနစ်ရက်တရားစခန်းပွဲ၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားများကို ဟောကြားမည်ဖြစ်သည်။

(က-ပ)

နိုင်ငံ့ဝန်ထမ်းမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လက်ရှိအသုံးပြုနေသော တံတားကို အန္တရာယ် ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေး၊ အသစ်တည်ဆောက်နေသော တံတားကို သတ်မှတ်ချိန်ပြီးစီးရေးနှင့် လိုအပ်ပါက အရေးပေါ်အသုံးပြုနိုင်ရန်အတွက် ဘေလီတံတားယာယီတည်ဆောက်ထားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

လက်ရှိအသုံးပြုနေသော ဂုတ်တွင်းတံတားမှာ အလျားပေ ၁၅၀၊ အကျယ် ၃၄ ပေရှိ ဘေလီသံပေါင် အမျိုးအစားဖြစ်ပြီး အသစ်တည်ဆောက်နေသော တံတားမှာ အလျားပေ ၁၉၀၊ အကျယ် ၃၄ ပေရှိမည့် သံကူကွန်ကရစ် အမျိုးအစား တံတားဖြစ်ကာ ကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချို-ကျောက်မဲလမ်းပိုင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မိုင်တိုင်အမှတ်(၁၀၃/၅)အနီး စခန်းသာကျေးရွာ၌ ကျင်းပသော ကျောက်မဲခရိုင်အဆင့် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူပင်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးကြသည်။

ကျောက်မဲခရိုင်ရှိ ဌာနဆိုင်ရာများ အနေဖြင့် ခြံစည်းရိုးကြက်ဆူဧက ၅၇၅ စိုက်ပျိုးရန်လျာထားသည့်အနက် ဧက ၃၁၀စိုက်ပျိုးပြီးစီးသွားကာ ကျန်ရှိသော ၂၆၅ဧကကို ထပ်မံစိုက်ပျိုးရန်ကျန်ရှိသည်။ ယနေ့စိုက်ပျိုးမှုတွင် ဌာနဆိုင်ရာများက ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀ကို သတ်မှတ်နေရာများ၌ အသီးသီး စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးမှု၊ ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူဆီဖြင့် လည်ပတ်သော ဓီဇယ်သုံး ကျေးလက်မီးလင်းရေး စက်ပစ္စည်းများ၊ ကြက်ဆူဆီကြိတ်စက်များ၊ ရေနံရှိုလျှင် ဓီဇယ်ဂါလန် ၂၀ကျ ကြက်ဆူကြိတ်စက်၊ လယ်ယာ ၁၆လယ်ထွန်စက်နှင့် ထော်လာဂျီယာဉ်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နယ်မြေခံတပ်ရင်း ပတ္တမြားခန်းမ၌ ကျောက်မဲ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့် အတူ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်သွားကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောက်မဲတပ်နယ် အတွင်းရှိ တပ်ရင်းတပ်ဖွဲ့မိသားစုများ အတွက် အဝတ်အထည်နှင့် စာရေးကိရိယာများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းတို့က ခရိုင်နှင့် မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရမှုများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် ပြန်လည်မေးမြန်းဆွေးနွေးပြီး အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတို့တွင် တိုးတက်အောင်မြင်မှုများ တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ဆက်လက်ပြီး လက်တွဲညီညီပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်သာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စွမ်းအားရယူပြီး ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှုအရ "ရေမြင့်လျှင်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအပေါ် နိုင်ငံတော်မှ စေတနာထားပေးမှုကို တုံ့ပြန်သောအားဖြင့် ဌာနဆိုင်ရာများအနေဖြင့် ဌာနလုပ်ငန်းများပိုမိုတိုးတက်အောင်မြင်အောင် အကြံကောင်း ဉာဏ်ကောင်း ထုတ်၍ စေတနာထားကာ ကြိုးပမ်းထမ်းဆောင်ရေးအတွက် အဆင့်ဆင့် အသိပညာပေးကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိရပ်ရွာလို သဘောထားပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုပါ လေ့လာဆည်းပူးပြီး ပညာပေးပြသပေးခြင်း၊ လိုအပ်သည်များ တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများသို့ အသိပေးခြင်းများဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် ကျောင်းသုံးပရိဘောဂလှူဒါန်းပွဲ တက်ရောက်

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် ဒေါပုံမြို့နယ် အမက(၈)၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျောင်းသုံးပရိဘောဂ(စာရေးစားပွဲနှင့်ထိုင်ခုံ)များ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် နံနက် ၇နာရီခွဲတွင် ဒေါပုံမြို့နယ် အမက(၈)သို့ရောက်ရှိကြပြီး ကျောင်းခန်းမဆောင်၌ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များမှ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကျောင်းသုံးပရိဘောဂများ ဆက်လက်လှူဒါန်းမည့်အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က ကျောင်းသားသုံးဦးထိုင်စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် ခုံတန်းရှည် အလုံး ၃၀ကို အမက(၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးဆွေနှင့် အမက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။

(အပေါ်ပုံ) (၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူးဦးဌေးဦးအားဂျပန် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အမှုဆောင်ကောင်စီဥက္ကဋ္ဌ၊ အောက်လွှတ်တော်အမတ် ဂျပန်-မြန်မာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအသင်း (AJMMC)၏ အကြီးတန်းအကြံပေး မစ္စတာဖူမီယိုကျူးမားသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါနှင့် ဗဟိုဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ရှားဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး အောက်လွှတ်တော်အမတ် မစ္စတာဖူမီယိုကျူးမားကလည်း ဂျပန်-မြန်မာလူငယ်များ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။(သတင်းစဉ်)

စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံဂုဏ်ပြု ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟို အမှုဆောင် ကော်မတီဝင်များ၊ စာပေနှင့် စာနယ်ဇင်းများမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း-တံ့တေး)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက “အမေ့နေရာ” စာအုပ် အုပ်ရေ၂ဝနှင့်ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံ ဂီတအစည်း အရုံး၊ မြန်မာနိုင်ငံ သဘင်အစည်း အရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးမျိုးထွဋ်ဦး (Hyosong Co,Ltd)က ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင်အေး (မောင်ဟေမာ-အလင်္ကာဝတ်ရည်)က ငွေကျပ် သုံးသိန်း၊ ဦးထွန်းအောင်(Top Tech Co,Ltd)က ဘောပင်အချောင်း ၅၀၀ နှင့် ငွေကျပ် သုံးသိန်း၊ ရှိုင်း ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ စာရေးဆရာမကြီး ဒေါက်တာ ဒေါ်ရီရီလှ(ယုဝတီခင်ဦး)က ငွေကျပ် နှစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိ ဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မှူးသမိန်) မဟာသီမဂ္ဂဇင်း၊ စာရေး ဆရာ ဘိုကလေးတင့်အောင်၊ စာရေး ဆရာ ဦးခင်လှိုင်(ကမ္ဘောဇခင်လှိုင်)၊ ကန်တော့ခံစာရေးဆရာမကြီး ဒေါ်သိန်း ဆိုင်(မမြတ်လေး)၊ စာရေးဆရာ သတင်းစာဆရာကြီး ဦးတင်စိုး (သာဂဒိုး)၊ လက္ခဏာဆရာကြီး ရွှေဘို စံတင်အောင်၊ ဒေါက်တာ သာထွန်းဦး (တူဒေးစာအုပ်တိုက်)၊ ဦးကျော်ဝင်း (ပစ်တိုင်းထောင်စာပေ)၊ စာရေးဆရာ ဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)၊ ရဲမှူး ချုပ်တင်စိုး(ငြိမ်း)-ဒေါ်လှိုင်ကြည်ဖြူ (ဓမ္မဝိရဂျာနယ်)၊ စာရေးဆရာဦးဝင်းမြင့် (မကွေးဝင်းမြင့်)၊ ဦးတိုးဝင်း (Eurosport+Fashion Shoppy ဂျာနယ်)၊ ကိုကို (စက်မှုတက္ကသိုလ်) (Flower News)၊ ကေသီပန် ဦးလှမြင့်၊ အထည်ချုပ်စက်ရုံ(Long Run Co., Ltd)၊ FIFA Sport ဂျာနယ်နှင့် Fashion icon မဂ္ဂဇင်း၊ ဒေါ်သီတာစိုး(Publishing House) တို့က ငွေကျပ်တစ်သိန်းစီ ပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်မှူးမြသိန်း(ငြိမ်း)၊ သမီး မြပုလဲခင်(ပါးလ်ခင်ခင်) မြသန္တာ (နော်ရင်မွေး)မိသားစု၊ ဦးဝင်းအောင် (သန်းထိုက်ရတနာပုံနှိပ်တိုက်)၊ ဦးသိန်း မြင့် (ရောမင်းသိမ်းကုမ္ပဏီ)၊ ဦးမြတ် ခိုင် (အချစ်၊ မဟာ၊ ကောင်းသတင်း ဂျာနယ်)၊ ဦးဝင်းငြိမ်း(ရွှေအမြုတေ)၊ ဦးမြသိန်း(စွယ်စုံကာတွန်းဂျာနယ်)၊ ဒေါက်တာခင်ခင်ကျော့ (စန်းအောင် ပုံရိပ်ကုမ္ပဏီ)၊ ကန်တော့ခံစာရေး ဆရာကြီး ဦးဟိန်းစိုး (ဒဂုံကြည်စိုး)၊ ကန်တော့ခံစာရေးဆရာကြီး ဦးအေးနိုင် (ဓမ္မာစရိယဦးအေးနိုင်)၊ Fameဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ် ၅၀၀၀၀ စီ၊ စာရေးဆရာဦးဟန်ညွန့်-ဒေါ်ညိုညိုယဉ်(ဒိုက်ဦး)၊ ပုဇွန်တောင် မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၃၀၀၀၀ စီ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ ဦးသိန်းစိုး (သီဟ ရတနာ)၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မြောက်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ်၂၀၀၀၀ စီ၊ ကျေးဇူးတော်စာပေက ငွေကျပ် ၁၅၀၀၀၊ စာပေဗိမာန်ဌာနခွဲမှူး(စီမံ) ဒေါ်ချိုချိုသန်း(ချိုမြနွယ်)၊ ဦးသက် ပိုင်ဗိုလ်(မြန်မာသိက္ခာမီဒီယာစာပေ)၊ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဒေါ်မြင့်မြင့်အေး (ဒေးဒရဲမြင့်)၊ ဦးအောင်လှ(မာလတ်)၊ ရေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးတင်မြင့်၊ တောင်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေး ဆရာသိပ္ပံမိုးအောင်၊ ကျောက်တန်း မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကျောက်တံတားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဒဂုံအရှေ့မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေ ကျပ် ၁၀၀၀၀ စီတို့ကို လည်းကောင်း၊ ကန်တော့ခံစာရေးဆရာကြီး ဦးဆိုက်ကျင်၊ ဒေါ်လှအေးယဉ်(ခိုင်နန်းစံ)၊ ဦးထွန်းရှိန်(သန်းဝင်းရှိန်)၊ ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မရမ်းကုန်း မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၅၀၀၀စီ ကမာရွတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၃၀၀၀၊KMD ဦးသောင်းတင်က ငွေ ကျပ် ငါးသိန်းတန်ဖိုးရှိ ကွန်ပျူတာ ဆော့ဝဲလ်တစ်စုံ၊ တော်ဝင်မြို့မစာအုပ် တိုက်က ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၁၅၂၀၊ ဦးသိန်းစိုး (သီဟရတနာ) စာပေက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရသစာအုပ် အုပ်ရေ ၅၀၀၊ ကံ့ကော်ဝတ်ရည်စာပေက ကျပ် သုံးသိန်းခွဲတန်ဖိုးရှိ သုတ၊ ရသ စာအုပ်စုံ ၃၈၀၊ ကောင်းသန့်စာပေက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ရသစာအုပ် ၅၀၀၊ ဗိုလ်မှူးမြသိန်း(ငြိမ်း) သမီး မြပုလဲခင် (ပါးလ်ခင်ခင်)၊မြသန္တာ(နော်ရင်မွေး) မိသားစုက ကျပ်တစ်သိန်းခွဲတန်ဖိုးရှိ ရသစာအုပ် ၃၀၀၊ ရဲမှူးချုပ်တင်စိုး (ငြိမ်း)-ဒေါ်လှိုင်ကြည်ဖြူတို့က ငွေ ကျပ်တစ်သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ် အုပ်ရေ ၃၀၀၊ စာရေးဆရာ ချစ်ဦးညိုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သုတစာအုပ် ၁၁၁အုပ်၊ ဗိုလ်တထောင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ခုနစ်သောင်းခွဲတန်ဖိုးရှိမဂ္ဂဇင်း ၁၅၀၊ ဦးလှတိုး-ဒေါ်ချယ်ရီအောင် (ရန်အောင်စာပေ)က ငွေ ကျပ် ခြောက်သောင်းတန်ဖိုးရှိ ရသစာအုပ် ၁၀၀၊ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ် ဇင်း အဖွဲ့က ကျပ်ခုနစ်သောင်းတန်ဖိုးရှိ မဂ္ဂဇင်းအုပ်ရေ၁၀၀၊ ဦးစန်းနိုင်-ဒေါ်ခင် မြဝင်း (ငြိမ်းချမ်းရေး ပြက္ခဒိန်နှင့် ပိုစတာလုပ်ငန်း) က ပိုစတာစောင်ရေ ၃၀၀၊ မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကငွေကျပ်လေးသောင်း ခွဲတန်ဖိုးရှိ မြို့နယ် မဂ္ဂဇင်းအုပ်ရေ ၃၀ တို့ကိုပေးအပ်လှူဒါန်းကြရာ ပြန်ကြား ရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင် သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင် မောင်ဌေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးတင်ခတို့က အသီးသီး လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထ အကြိမ် စာပေညီလာခံအတွက် ဒုတိယ အကြိမ် ဂုဏ်ပြုလှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၃၄၇၀၀၀၀ နှင့် သုတ၊ ရသ စာအုပ်မျိုးစုံ ၃၉၉၁ တို့ကို အလှူရှင် အသီးသီးက ပေးအပ်လှူဒါန်းကြ ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် အလှူငွေဖြစ်စေ၊အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် ၅၂၉၊ ကုန်သည်လမ်းနှင့် ၃၇လမ်း ထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် ဖုန်း-၂၅၄၁၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြုဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြုဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇:၀၅	ရသစုံလင် ပန်းချီပန်းပု ဥယျာဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	သွက်လက်လန်းဆန်း သစ်မိုင်းတုံ JEEP
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	သင်ယူလေ့လာဂီတပညာ (ဦးစောနု အဆို၊ အော်ဂင်နှင့် ဂီတသင်တန်းကျောင်း)
၈:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	ဆီးချိုသွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံအကြောင်း(အပိုင်း-၂)
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	Sunday Talk
၁၀:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ (ရေညှိထမင်းလိပ်၊ ပဲခေါက်ဆွဲပြုလုပ်နည်း)
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၂)
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅	တက်သစ်လွင်ပြင် အဆိုပြိုင်ပွဲ (ဇော်ပိုင်-ရင်ခုန်ရလွန်းလို့)
၁၁:၄၅	Dozo Designer သင်တန်းဆင်းပွဲ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စစ်တောင်းတံတား(မုပ္ပလင်)ကို ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်

တံတားတည်ဆောက်ပြီးစီးပါက ကုန်စည်စီးဆင်းမှုနှင့် သွားလာမှု ပိုမိုလွယ်ကူမည်

* **ကျောဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဝင်များဖြစ်ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့သည် လေ့လာရေးအဖွဲ့နှင့်အတူ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာကြရာ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေးထားသည့် စစ်တောင်းတံတားသို့ နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး စစ်တောင်းတံတားကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာ ဆံတော်ရှင် ကျိုက္ကလွန်ပွန်းစေတီတော် အနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရှင်းလင်းခန်းမ၌ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၁၉၀၇ ခုနှစ်က တည်ဆောက်ခဲ့သော စစ်တောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေ၊ တနင်္သာရီတိုင်း-မွန်ပြည်နယ်-ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို ဆက်သွယ်ကူးသန်း သွားလာရာတွင် စစ်တောင်းတံတား၏ အချက်အချာကျမှု၊ ယခု ထပ်မံတည်ဆောက်နေသည့် စစ်တောင်းတံတား (မုပ္ပလင်) ပြီးစီးသွားပါက မော်တော်ကားလမ်း နှစ်လမ်းနှင့် ရထားလမ်း တစ်လမ်းပါရှိသည့်အတွက် ဒေသအတွင်း ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းသွားလာမှုပိုမိုအဆင်ပြေ ချောမွေ့လွယ်ကူမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းအင်ဂျင်နီယာမှူး ဦးကျော်လင်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် **"လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် တံတားကြီးများကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း"** လမ်းညွှန်ချက်နှင့်အညီ စစ်တောင်းတံတား(မုပ္ပလင်)ကို မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာ၊ နည်းပညာများဖြင့် တည်ဆောက်မှုအခြေအနေ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တံတားတည်ဆောက်ပြီးစီးသွားပါက ဆက်စပ်နေသော ပြည်နယ်၊ တိုင်းများ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ အင်ဂျင်နီယာမှူး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ပဲခူးတိုင်း ဝေါမြို့နယ် ကမ်းကြီးဆိပ်ကျေးရွာနှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ပင်မတံတား သံပေါင်တပ်ဆင်နေမှုနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

စစ်တောင်းတံတား (မုပ္ပလင်)၏ အရှည်မှာ ၂၃၉၂ ဒသမ ၇ ပေဖြစ်ပြီး ပင်မတံတား၏ အရှည်သည် ၁၃၆၅ ပေ၊ ချဉ်းကပ်တံတား၏ အရှည်သည် ဝေါဘက်ကမ်း၌ ၇၈၃ ဒသမ ၆ ပေနှင့် ကျိုက်ထိုဘက်ကမ်း၌ ၂၄၄ ဒသမ ၁ ပေ ရှိသည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး ယာဉ်သွားလမ်း အကျယ်မှာ ၂၈ ပေ ရှိသည်။ အဆိုပါတံတားကို ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်။

ရော်ဘာစိုက်ခင်းများ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် မုပ္ပလင်-ကျိုက်ထို ကားလမ်းဘေး ဝဲ/ယာ၌ အောင်မြင်ဖြစ်ထွန်းနေသည့် နှစ်ရှည်ပင် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပေါင်မြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသော ကတိုက်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကတိုက်ရေလှောင်တမံနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းတည်နေရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးလှမြင့်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ် သတင်းစာဆရာများ သံလွင်တံတ ကြည့်ရှုကြစဉ်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရှင်းလင်းဆောင်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ကတိုက်ရေလှောင်တမံ

အဆိုပါ ကတိုက်ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး ကတိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တမံအမြင့် ၁၃၄ ပေနှင့် တမံအလျား ပေ ၅၂၀၀ ရှိ မြေသားတမံဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀ ရှိပြီး နွေစပါး စိုက်ပျိုးရန်အတွက် ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများအား အသစ်တည်ဆောက်ထားသည့် မော်လမြိုင်ဘူတာတွင် မြန်မာ့မီးရထား ဒုတိယ အထွေထွေမန်နေဂျာ ဦးမြတ်လင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံ စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ကတိုက် ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့် အကွာ၌ တည်ရှိပြီး ကတိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တမံအမြင့် ၁၃၄ ပေနှင့် တမံအလျား ပေ ၅၂၀၀ ရှိ မြေသားတမံဖြစ်သည်။ ကန်ရေအပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀ ရှိပြီး နွေစပါး စိုက်ပျိုးရန် အတွက် ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

သံအမတ်ကြီးများနှင့် သံတမန်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ ပါဝင်သောလေ့လာရေးအဖွဲ့ဝင်များသည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၈ ရက်မှ ၁၀ ရက်အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်သွားရောက် ကြည့်ရှုလေ့လာကြသည်။

လိုက်ပါလေ့လာ

အဆိုပါ လေ့လာရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chanthavy Bodhisane၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. D.M.M. Ranaraja၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lee Ju-Heum၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Tram Van Tung၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohammed Khairuzzaman၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Shaharuddin bin Md Som၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Daru Indorasugara Brig-Gan(B) Dato Paduka Haji Mohd Yusuf bin Abu Bakar နှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong၊ ဆာဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dragan Janekovie၊ ဗြိတိသျှသံရုံးမှ Deputy Chief of Mission ဖြစ်သူ Ms. Catherine Firth၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission ဖြစ်သူ Mr. Helal Helal Ibrahim၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ First Secretary ဖြစ်သူ Mrs.Deng Qinghua၊ အမေရိကန် ပြည်ထောင်စုသမ္မတနိုင်ငံ သံရုံးမှ Second Secretary ဖြစ်သူ Mr. Dennis D. Tidwell၊ ဆော်ဒီအာရေဗီးယားနိုင်ငံ သံရုံးမှ Attache ဖြစ်သူ Mr.Abdulsalam A.AI-Enzi၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြစ်ကြသော UNDP မှ Deputy Representative ဖြစ်သူ Ms. Akikosuzaki, UNICEF မှ Chief Planning Session ဖြစ်သူ Ms. May Pascual နှင့် IOM (TCB) မှ Head of Office ဖြစ်သူ Ms. Isbeele Bouan၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်းမှူးချုပ်နှင့် သတင်းတာဝန်ခံများ၊ သတင်းထောက်များ စုစုပေါင်း အဖွဲ့ဝင် ၆၀ တို့ လိုက်ပါလေ့လာကြသည်။ (သတင်းစဉ်)

ရေးဦးစွာ ရှင်းလင်းဆောင်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကတိုက်ရေလှောင်တမံနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းတည်နေရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးလှမြင့်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

မွန်ပြည်နယ်သည် တောင်တန်းများ ပေါများပြီး ယင်းတောင်တန်းများမှ စီးဆင်းလာသော ရေပမာဏမှာလည်း မိုးရာသီတွင် များပြား၍ လယ်ယာမြေများ ရေကြီးနစ်မြုပ်ဆုံးရှုံးသောကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဇင်းရေလှောင်တမံကို ၁၉၉၀ ပြည့်နှစ်တွင် လည်းကောင်း၊ ဝါးပါးရေလှောင်တမံကို ၁၉၉၄ ခုနှစ်တွင် လည်းကောင်း၊ ရွှေနတ်တောင်ရေလှောင်တမံကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ ဝင်းဖနံရေလှောင်တမံကို ၂၀၀၁ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပေးခဲ့ပြီး ကတိုက်ရေလှောင်တမံ စီမံကိန်းကို ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း အပြီးတည်ဆောက် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတည်ဆောက်နေကြောင်း သိရှိရသည်။

သံလွင်တံတား(မော်လမြိုင်)

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပေါင်မြို့နယ် မုတ္တမရှိ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မုတ္တမဘက်ကမ်း ရှင်းလင်းဆောင်၍ ရေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဒေသခံတိုင်းရင်းသားပြည်သူများ ခေတ်အဆက်ဆက် လိုလားတောင့်တခဲ့သော သံလွင်တံတား(မော်လမြိုင်)ကို နိုင်ငံတော်က သံလွင်မြစ်၊ အတ္တရံမြစ်နှင့် ဂျိုင်းမြစ်တို့ သုံးခုပေါင်းဆုံရာ နေရာ၌ အကောင်အထည်ဖော် တည်ဆောက်ပေးထားခြင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာ၊ နည်းပညာများဖြင့်သာ ကြိုးပမ်းတည်ဆောက်ခဲ့ပုံများကို ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း (မော်လမြိုင်ဘက်ကမ်း) အင်ဂျင်နီယာမှူး ဦးတင့်လွင်က တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ရေးအတွက် ပေါင်းစည်းဆက်သွယ်ပေးထားသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် ချစ်ကြည်ရင်းနှီးရေးတံတားကြီးဖြစ်ကြောင်းကို လည်းကောင်း၊ မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းက တံတားကြီး တည်ဆောက်ပြီးစီးသွားခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တံတားကြီး တည်ဆောက်ပြီးစီးခဲ့မှုတွင် မည်သည့်နိုင်ငံခြား အကူအညီမျှ မပါဘဲ ကိုယ့်အင် ကိုယ့်အားဖြင့် မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုးပမ်းတည်ဆောက်ခဲ့ပုံများကို လည်းကောင်း၊ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း (မုတ္တမဘက်ကမ်း) အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက ကားတံတားအတွက် ငွေကျပ်သန်းပေါင်း ၁၈၉၂၀ နှင့် ချဉ်းကပ်တံတားအတွက် ငွေကျပ်သန်းပေါင်း ၁၁၅၃၃ အပါအဝင် ငွေကျပ်သန်းပေါင်း ၃၀၄၅၃ အကုန်အကျခံ တည်ဆောက်ခဲ့ပုံများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြပြီး တံတားကြီး၏ ခံ့ညားထည်ဝါကြံ့ခိုင်မှု၊ မြန်မာအင်ဂျင်နီယာများ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှု၊ တံတားပေါ်မှ ကုန်စည်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တံတားကြီး၏ ရေလယ်တိုင်အမှတ်(၁၅)နှင့် (၁၆)မှ နေ၍ သံလွင်မြစ်အတွင်း ခေါင်းဆေးကျွန်း၏ သာယာလှပမှုနှင့် မော်လမြိုင်မြို့၏ နေဝင်ဆည်းဆာ သာယာလှပမှုများကို ကြည့်ရှုကြသည်။

မော်လမြိုင်ဘုတာကြီး

ထိုမှတစ်ဆင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး အသစ်တည်ဆောက်ထားသည့် မော်လမြိုင်ဘူတာကြီးသို့ ဝင်ရောက်ကြည့်ရှု လေ့လာကြရာ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းက လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊နိုင်ငံတော်အစိုးရက ပြည်သူများခရီးသွားလာမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် စေတနာထားဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဇွန် ၉ ရက် ညပိုင်းတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လာရောက်လေ့လာကြသည့် လေ့လာရေးအဖွဲ့ဝင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သတင်းထုတ်ပြန်ရေးကော်မတီဝင်များဖြစ်ကြသောယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ သံလွင်တံတား(မော်လမြိုင်)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရှင်းလင်းဆောင်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ကတိုက်ရေလှောင်တမံ

အဆိုပါ ကတိုက်ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး ကတိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တမံအမြင့် ၁၃၄ ပေနှင့် တမံအလျား ပေ ၅၂၀၀ ရှိ မြေသားတမံဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀ ရှိပြီး နွေစပါး စိုက်ပျိုးရန်အတွက် ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

…သည် ပေါင်မြို့နယ် …စ်မိုင်ခန့် အကွာ၌ …တ်၍ တည်ဆောက် …ပေနှင့် တမံအလျား …ဖြစ်သည်။ ကန်ရေ …၀ ဧကပေ ၅၆၀၀၀ …တွက် ဧက ၁၀၀၀၀ …ဖြစ်သည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လာရောက်လေ့လာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ညှိခံဖျော်ဖြေ

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လာရောက်လေ့လာကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမတွင် တိုင်းရင်းသားရိုးရာ အကများဖြင့် ညှိခံဖျော်ဖြေစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ လေ့လာရေးအဖွဲ့ဝင်များဖြစ်ကြသည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းတို့မှ စာတည်းမှူးချုပ်နှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တယောကိုတင်ရီအဖွဲ့၊ မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးအဖွဲ့ဝင် စိန်လှဝေ မင်္ဂလာဆိုင်းတို့ဖြင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် မွန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့နှင့် ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက အကပဒေသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညစာစားပွဲသို့ တက်ရောက်လာကြသည့်ဧည့်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဂုဏ်ပြုပန်းခြင်း

ဧည့်ခံဖျော်ဖြေတင်ဆက်မှုအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chamthavy Bodhisane တို့က ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr. Cham-thavy Bodhi-sane အား လေ့လာရေးခရီးစဉ် အမှတ်တရအဖြစ် ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲကို ရုပ်သိမ်းလိုက်သည်။

ကွန်ပျူတာကောလိပ်(ဘားအံ)

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန်အတွက်မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော သံတမန်များနှင့် ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ဘားအံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ လှမြင့်၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

တိုးမြှင့်နိုင်ခဲ့

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ လှမြင့်က ပြည်နယ်ပြည်သူ့ ဆေးရုံကြီးသည် ၁၉၅၄ခုနှစ်မတိုင်မီက သထုံခရိုင်အောက်ရှိ ဆေးပေးခန်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ ၁၉၅၄ခုနှစ်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၅ခုနှစ်တွင် ခုတင်(၅၀)ဆံ့ဆေးရုံ၊ ၁၉၅၉ခုနှစ်တွင် ခုတင်(၁၀၀)ဆံ့ဆေးရုံ၊ ၁၉၆၂ခုနှစ်တွင် ခုတင်(၁၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်နိုင်ခဲ့ပြီး ယခုနိုင်ငံတော်အစိုးရလက်ထက် ၁၉၉၁ခုနှစ်တွင် ခုတင်(၂၀၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ အမှန်တကယ် လက်ခံကုသနေသော ခုတင်မှာ (၂၅၈)ခုတင်ဖြစ်ပြီး ဆေးရုံသို့ လာရောက်ပြသသည့် လူနာများအပြင် ကရင်ပြည်နယ်အတွင်းရှိ ခရိုင်ဆေးရုံများ၊ မြို့နယ်ဆေးရုံများနှင့် ကျန်းမာရေးဌာနများမှ လွှဲပြောင်းပေးပို့သောလူနာများနှင့် ကုသရေးဌာန(၁၆)ဌာနမှ လူနာများကိုလည်း ကုသပေးလျက်ရှိသော ဆေးရုံကြီးဖြစ်ပါကြောင်း။

စိုက်ထူထား

ထို့အပြင် ဆေးရုံခုတင်နှင့် အထူးကုဆရာဝန် အချိုးမှာ ၁၅အချိုး ၁၊ ဆေးရုံခုတင်နှင့် ဆရာဝန် အချိုးမှာ ၆ အချိုး ၁၊ ဆေးရုံခုတင်နှင့် သူနာပြုအချိုးမှာ ၃ အချိုး ၁ နှင့် ဆရာဝန်နှင့် သူနာပြု အချိုးမှာ ၁ အချိုး ၂ ဖြစ်ပါကြောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက သမားတော်၊ သားဖွားမီးယပ်၊ ခွဲစိတ်ကု၊ နားနှာခေါင်း၊ လည်ချောင်းကုနှင့် မေ့ဆေးဆရာဝန်များသာရှိခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော် အစိုးရလက်ထက်ကျမှသာ ကလေးအထူးကု၊ စိတ်ကျန်းမာရေး အထူးကု၊ သွားအထူးကု ဆရာဝန်များနှင့် ဓာတ်မှန်ဌာန၊ အရိုးအထူးကုဌာန၊ မျက်စိအထူးကုဌာနနှင့် ရောဂါဗေဒစမ်းသပ်မှုဌာနများကို အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆေးရုံကုသမှုဆိုင်ရာ နေ့စဉ်ပျမ်းမျှ ပြင်ပလူနာဦးရေသည် ၅၅ဦးခန့် ဆေးကုသမှုခံယူကြပြီး နေ့စဉ်ပျမ်းမျှ အတွင်းလူနာအနေဖြင့် ဆေးရုံတက်ရောက်၍ ကုသမှုလူနာမှာ ၁၂၅ဦးခန့်ရှိပါကြောင်း၊ ခုတင် ၂၀၀ဆံ့ ဆေးရုံတွင် အသုံးပြုရာခိုင်နှုန်း ၆၂ရာခိုင် နှုန်းသုံးစွဲလျက်ရှိပြီး ဆေးရုံ၏ ရန်ပုံငွေ ဆေးပဒေသာပင်သည် ငွေကျပ် ၂၀၂သိန်း စိုက်ထူထားရှိပြီးဖြစ်ပါကြောင်း။

ရှင်းလင်းပြောကြား

အထူးကု ဆရာဝန်ကြီးများ ပါဝင်သော အထူးကုဆေးအဖွဲ့သည် ပြည်နယ် အတွင်းရှိမြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စစ်ဆေးကုသစောင့်ရှောက်မှုပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေး အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကနှင့် နည်းပြများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပညာသင်ကြား/စီမံကိန်းစွရပ်များနှင့်စပ်လျဉ်း၍ မိမိတို့သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းကြသည်။

ဘားအံတက္ကသိုလ်တွင် ဆရာ၊ ဆရာမ အင်အား ၁၉၃ဦးနှင့် ဝန်ထမ်းအင်အား ၁၀၀ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ကျော် ပညာသင်ယူလျက်ရှိကြသည်။

ပြန်ရောက်ရှိ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဘားအံမြို့မှ ထွက်ခွာ၍ သံလွင်တံတား(ဘားအံ)ကိုလည်းကောင်း၊ လမ်းတစ်လျှောက်ရှိ စိုက်ပျိုးရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဘားအံမြို့ ခုတင် ၂၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ဘားအံတက္ကသိုလ်တွင် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် ကထိက၊ နည်းပြများနှင့်တွေ့ဆုံ၍ ပညာသင်ကြား/စီမံကိန်းစွရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းကြစဉ်။(သတင်းစဉ်)

အင်တာနက်သတင်း

အသက် (၇၄) နှစ်ရှိ အိန္ဒိယသမ္မတကြီး ကာလမ် ဂျက်တိုက်လေယာဉ်ကို ကိုယ်တိုင်မောင်းနှင်

ဆူခွိုင်း–၃၀ အမျိုးအစား တိုက်လေယာဉ်ကို မမောင်းနှင်မီ သမ္မတ အဗ္ဗဒူကာလမ်အား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပူနေး(အိန္ဒိယ) ဇွန် ၁၁

အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူကာလမ်သည် လေကြောင်းအာကာသ အင်ဂျင်နီယာပညာရပ်ကို စတင်သင်ယူသည့် ၁၉၅၈ ခုနှစ်ကတည်းကစ၍ အသံထက်မြန်သည့် ဆူပါဆိုးနစ် ဂျက်တိုက်လေယာဉ်တစ်စင်းကို ကိုယ်တိုင်မောင်းနှင်ကြည့်ရန် စိတ်ကူးယာဉ်အိပ်မက်မက်ခဲ့ဖူးကြောင်း၊ ၎င်း၏ စိတ်ကူးယဉ်အိပ်မက်မှာ အသက် (၇၄) နှစ်အရွယ်တွင် ပြည့်ဝလာကြောင်း ဇွန် ၁၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

သမ္မတ ကာလမ်သည် အိန္ဒိယနိုင်ငံ ပူနေးမြို့ရှိ လိုဟီဂွန်း လေတပ်အခြေစိုက်စခန်းမှ လေသူရဲတစ်ဦးနှင့်အတူ ဆူခွိုင်း–၃၀ အမ်ကေအိုင် အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်းကို ဇွန် ၈ ရက်က မောင်းနှင်ခြင်းဖြင့် အိန္ဒိယလေကြောင်းသမိုင်းတွင် မှတ်တိုင်တစ်ရပ်စိုက်ထူလိုက်နိုင်သည်။

သမ္မတ ကာလမ်သည် လေသူရဲ ရာသိုးနှင့်အတူ နှစ်ယောက်စီး ဂျက်တိုက်လေယာဉ်ကို မောင်းနှင်ခဲ့သည်။ သမ္မတ မောင်းနှင်သည့် ဂျက်တိုက်လေယာဉ်သည် မြေပြင်အထက် ပေ ၁၅၀၀၀ မှ ၂၅၀၀၀ အထိရှိသော ဝေဟင်အတွင်း အမြင့်ဆုံး အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၂၀၀ နှုန်းဖြင့် ပျံသန်းခဲ့သည်။

အဆိုပါ ဂျက်တိုက်လေယာဉ်ပျံသန်းမှု မပြုလုပ်မီ လေသူရဲ ရာသိုးက အရေးပေါ်အခြေအနေတွင် အရေးပေါ်ထွက်ပေါက်မှ ခုန်ထွက်နည်း၊ လေထီးအသုံးပြုနည်းတို့ကို ပြသခဲ့ပြီး မြေပြင်ရှိ လေတပ်စခန်းကလည်း ကယ်ဆယ်ရေးရဟတ်ယာဉ်များကို အသင့်ပြင်ဆင်ထားခဲ့သည်။

သမ္မတ ကာလမ် ပူးတွဲလေယာဉ်မှူးအဖြစ် မောင်းနှင်သော တိုက်လေယာဉ်သည် မိနစ် ၃၀ ကြာပျံသန်းခဲ့ပြီးနောက် မြေပြင်သို့ ချောချောမောမော ပြန်လည်ဆင်းသက်လာခဲ့သည်။ မိမိသည် တိုက်လေယာဉ်ကို မောင်းနှင်နေစဉ် အသည်းတစ်အေးအေးရှိနေခဲ့ကြောင်း၊ လေသူရဲရာသိုးသည် မိမိအတွက် နည်းပြဆရာပင်ဖြစ်ကြောင်း သမ္မတ ကာလမ်က မြေပြင်အရောက်တွင် သတင်းထောက်များအား ပြောကြားသည်။ သမ္မတ ကာလမ်သည် တိုက်ခိုက်ရေးလေယာဉ်များအတွက် ဒီဇိုင်းပုံစံထုတ်သည့်လုပ်ငန်းတွင် လုပ်ကိုင်ခဲ့ဖူးသူဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ ဟင်ဒူစတန်လေကြောင်း အာကာသလီမိတက်သည် ရုရှားနိုင်ငံ၏ ခွင့်ပြုချက်လိုင်စင်ဖြင့် ဆူခွိုင်းဂျက်တိုက်လေယာဉ်များကို လွန်ခဲ့သည့် နှစ်နှစ်မှစ၍ စတင်ထုတ်လုပ်ခဲ့ပြီး သမ္မတ ကာလမ် မောင်းနှင်ခဲ့သည့် တိုက်လေယာဉ်သည် အိန္ဒိယနိုင်ငံတွင် ပထမဆုံးထုတ်လုပ်သည့် ဆူခွိုင်းတိုက်လေယာဉ်တစ်စင်းဖြစ်သည်။ ***အင်တာနက်။***

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ သတင်းများ

ပွဲသိမ်းခါနီး ရရှိသည့်ဂိုးများဖြင့် ဩစတြေးလျက ဂျပန်ကို အနိုင်ရ

ကိုင်ဇာစလော်တန်(ဂျာမနီ) ဇွန် ၁၂

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(စ)ပွဲစဉ်တွင်ပါဝင်သည့် ဩစတြေးလျနှင့် ဂျပန်အသင်းတို့ ဂျာမနီနိုင်ငံ ကိုင်ဇာစလော်တန်မြို့တွင် ဇွန် ၁၂ ရက်က ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျအသင်းက ဂျပန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

၃၂နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိသော ဩစတြေးလျအသင်းသည် ပွဲပြီးခါ နီးသွင်းယူနိုင်သောဂိုးများနှင့်အတူ အနိုင်ရရှိခြင်းဖြစ်သည်။

ဂျပန်အသင်းသည် တစ်နာရီနီးပါးကြာမျှ တစ်ဂိုးဖြင့် ဦးဆောင်ကစားနေခဲ့ပြီးနောက် ပွဲကစားချိန်နှောင်းပိုင်းတွင် ဩစတြေးလျအသင်းကို ရှုံးဂိုးပေးလိုက်ရခြင်းဖြစ်သည်။

ပွဲချိန် ၂၆မိနစ်တွင် ဂျပန်အသင်းမှ ရှန်ဆူကီးနာကာမူရာ ကန်သွင်းယူသည့်ဂိုးကို ဩစတြေးလျဂိုးသမား မာ့ခ်ရှာဝါဇာက ကာကွယ်နိုင်ခြင်းမရှိ၍ ဂိုးပေးရသည်။

သို့ရာတွင် ပွဲချိန် ၈၄မိနစ်တွင် ဩစတြေးလျအသင်းအတွက် ချေပဂိုးတစ်ဂိုးကို တင်ကာဟီးလ်က သွင်းယူနိုင်ခဲ့သည်။ တင်ကာဟီးလ်သို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဩစတြေးလျအသင်းအတွက် ပထမဆုံးသောဂိုးကို သွင်းယူနိုင်ခြင်းဖြစ်သည်။

ပွဲချိန် ၈၉မိနစ်တွင် တင်ကာဟီးလ်ကပင် ဒုတိယမြောက် ဂိုးသွင်းခဲ့သည်။ ထိခိုက်ဒဏ်ရာရအတွက် အစားဖြည့်အချိန်ပိုတွင် ဩစတြေးလျအသင်း ပိုမိုတက်ကြွလာပြီး ပွဲချိန် ၉၂မိနစ်တွင် ဂျွန်အလွိုက်စီက ပွဲသိမ်းဂိုးကို သွင်းယူခဲ့သည်။ ***အင်တာနက်။***

ပေါ်တူဂီက အင်္ဂလာအသင်းကို အနိုင်ရ

ကိုလုံး ဇွန် ၁၂

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအုပ်စု(ဃ)ပွဲစဉ်တွင် ပါဝင်သည့် ပေါ်တူဂီအသင်းနှင့် အင်ဂိုလာအသင်းတို့ ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ကိုလိုနီနိုင်ငံဟောင်းဖြစ်ခဲ့ဖူးသော အင်ဂိုလာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်လေးမိနစ်တွင် ပက်ဒရိုပေါ်လီတာက သွင်းယူသည်။

လူးဝစ်ဖီဂိုဆွဲပြေးယူလာပြီးနောက် ဖြတ်ပို့ပေးလိုက်သည့် ဘောလုံးကို ပေါ်လီတာက ကန့်လန့်ဖြတ်၍ လှလှပပ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

နည်းပြ စကိုလာရီ၏ ပေါ်တူဂီအသင်းတွင် အားထားရသည့် ကွင်းလယ်ကစားသမား ဒီကိုပါဝင်နိုင်ခြင်းမရှိပေ။ သို့ရာတွင် ပါရီစိန့်ဂျာမိန်းအသင်းတွင် တိုက်စစ်မှူးတစ်ဦးအဖြစ် ကစားနေသော ပေါ်လီတာက ၎င်း၏ အစဉ်အလာအတိုင်း ပွဲစစချင်းမှာပင် ဂိုးသွင်းနိုင်ခဲ့သည်။

တိုက်စစ်မှူး ပေါ်လီတာသည် နိုင်ငံတကာပွဲပေါင်း ၈၃ ပွဲကစားခဲ့ရာတွင် ၄၇ ဂိုးမြောက်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

တစ်ဦးတည်းနှစ်ဂိုးသွင်းယူခဲ့သူ တင်ကာဟီးလ်(ဝဲ)အား ဩစတြေးလျအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူခဲ့ပြီးနောက် အသင်းဖော် လူးကပ်စ်နီးလ်နှင့်အတူ အောင်ပွဲခံနေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သန်လျင် မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ်(၂၄) သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၂၆)၏ ခုနစ်ရက်တရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်မှ ဝါဆိုလဆန်း ၅ရက်) ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးမှ နယ်လှည့်ဓမ္မကထိကဆရာကြီး ဦးဆန်းတင်က ကျေးဇူးတော်ရှင် အဂ္ဂ မဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ် ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဇွန် ၂၉ ရက် နံနက် ၉နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသူများနှင့် တရားစခန်းဝင်လိုသူများသည် ရိပ်သာတည်ရာသို့လည်းကောင်း၊ ဥက္ကဋ္ဌ ဦးစိန်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အုန်းကြည် ဈေးရှေ့ ဗိုလ်ချုပ်နေဝင်းလမ်း သန်လျင်တွင် လည်းကောင်း၊ ဖုန်း–၀၅၆–၂၁၃၈၈၊ ၂၁၄၇၈၊ ၂၁၆၉၈ တို့သို့ ဆက်သွယ်စာရင်း ပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၂၀၀၆ ခုနှစ် (၁၆)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး လုပ်ငန်းညှိနှိုင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူး၊ ရဲမှူးချုပ်သန်းဟန်က အဖွင့်အမှာစကား ပြောကြားသည်။ ၎င်းနောက် (၁၅)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲတွင် ပထမရရှိသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းမှ တံခွန်စိုက်ဒိုင်းဆုအား စစ်တုရင်ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းထံသို့ ပြန်လည်အပ်နှံခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူး၊ ရဲမှူးချုပ်သန်းဟန်က စစ်တုရင်ရုပ်အားရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ် (မှူးယစ်)၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့၊ သင်တန်းကျောင်းများ၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့တို့မှ အသင်းပေါင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအား ဇွန် ၁၆ ရက်ထိ နေ့စဉ်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၆–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်

၈:၁၀ ၇။ အကပြိုင်ပွဲ

၈:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let’s Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ဓာတုဗေဒ၊သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)

၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၁၀ ၆။ ခံစားနားဆင်တေးဇာတ်ဝင်

၅:၂၀ ၇။ **“အနိုင်အရှုံး” (ပိစိ၊ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**

၅:၂၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ အတီးပြိုင်ပွဲ

၆:၅၀ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး

၇:၀၀ ၁၃။ အကပြိုင်ပွဲ

၇:၁၀ ၁၄။ မြန်မာမှုပန်းဆယ်မျိုး

၇:၁၅ ၁၅။ ထင်ရှားစွမ်းရည် အမျိုးသမီးဂုဏ်ရည်

၇:၃၀ ၁၆။ ကြေးမုံရိပ်သွင်တေးနှယဉ်

၇:၄၅ ၁၇။ စီးပွားတိုးတက် မြောင်ဘေကျေးလက်

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့အိပ်မက်လှလှ” (အပိုင်း–၂)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၃) ဖြန့်ချိ

ရန်ကုန် ဇွန် ၁၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၃)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ စင်ကာပူ Shelton ကျောင်းတွင် မြန်မာကျောင်းသားများ အလုပ်လုပ်ရင်း ကျောင်းတက်နိုင်ပြီ၊ ခရီးသွားဆိုင်ရာ သင်တန်းများ အလုပ်အကိုင်အခွင့်အလမ်းများပြ၍ အခကြေးငွေရယူမှုလွန်ကဲလာပါက ကန့်သတ်သွားမည်၊ စက်မှုဇုန်ထုတ် ပြည်တွင်းမော်တော်ယာဉ်များ ယာယီနံပါတ် လျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်လျှင် နေ့ချင်းပြီး ဆောင်ရွက်ပေးမည် စသည့် မျက်မှောက်ရေးရာ ပြည်တွင်းသတင်းစုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

၂၀၀၆ ကမ္ဘာ့ဖလားနှင့် သူတို့အမြင်၊ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွေထဲက ပရိသတ်အကြိုက် တွေ့မယ့် ပွဲကြီးပွဲကောင်းများ၊ အုပ်စုအဆင့်ကို ကျော်ဖြတ်ဖို့ ရုန်းကန်ရဦးမယ့် ပွဲစဉ်များအပါအဝင် ကမ္ဘာ့ဖလား အားကစားသတင်းများ၊ လူသားတို့သည် လူသားစင်စစ်မဟုတ်ဟု မျိုးဗီဇပါရဂူများကဆို၊ ဘိုးအင်း ၇၄၇ လေယာဉ်ကြီးကို မီးသတ်လေယာဉ်အဖြစ် ပြောင်းလဲ၊ မစ္စတာ ဘုရှ်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အညံ့ဖျင်းဆုံးသမ္မတဟုဆို စသည့် နိုင်ငံတကာသတင်း များ၊ စီးပွားရေး၊ ကျန်းမာရေးသုံးသပ်ချက် ဆောင်းပါးများနှင့် ဖျော်ဖြေရေးကဏ္ဍ ဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း–၂၂၆၈၅၈ မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

တောင်ကိုရီးယား၊ ပြင်သစ်နှင့် ဘရာဇီး အလားအလာကောင်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဇွန် ၁၃ ရက်ပွဲစဉ်များတွင် အုပ်စု (စ)နှင့် (ဆ)မှ အသင်းများ ဆက်လက်ယှဉ်ပြိုင်ကြမည်။ အုပ်စု (စ)မှ ဘရာဇီးနှင့် ခရိုအေးရှား၊ (ဆ) အုပ်စုမှ ပြင်သစ်–ဆွစ်ဇာလန်၊ တောင်ကိုရီးယား–တိုဂိုတို့ဖြစ်သည်။

တောင်ကိုရီးယားနှင့်တိုဂို

၁၃–၆–၂၀၀၆
ဖရန့်ဖတ်ကစားကွင်း
အချိန်–ည (၇း၃၀)နာရီ၊ အင်္ဂါနေ့
ကွင်းလယ်ဒိုင်လူကြီး – ဂရေဟမ်ပူး(လ်) (အင်္ဂလန်)
လက်ထောက်ဒိုင်လူကြီး(၁) – ဖီလစ်ရှပ်(အင်္ဂလန်)
လက်ထောက်ဒိုင်လူကြီး(၂)–ဂလင်းတာနာ(အင်္ဂလန်)
(၁၄–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

အာရှနှင့် အာဖရိကအသင်း နှစ်သင်းကစားကြမည်။ တိုဂိုအသင်းသည် ဆီနီဂေါ၊ ဇမ်ဘီယာ စသည့် အသင်းများကို ဖြတ်ကျော်ပြီး ဂျာမနီသို့ ရောက်ရှိလာသည်။ တိုဂိုအသင်းကို လေဗာကူဆင်မှ အဆီမီ၊ ဗလင်စီယာမှ ဒိုဆတ်ဗီ၊ ဟမ်းဘတ်မှ ဂွေဒီ၊ အာဆင်နယ်မှ အက်ဒ်ဒီဘေရာတို့က ဦးဆောင်ကစားသွားလိမ့်မည် ဖြစ်သည်။

တိုဂိုအသင်းတွင် ပါဝင်ကြသော ကစားသမားအချို့သည် နိုင်ဂျီးရီးယားနွယ်ဖွားများဖြစ်ကြသည်။ ခြေစစ်ပွဲတစ်လျှောက်တွင် တစ်ပွဲသာရှုံးခဲ့သည်။ တိုဂိုသည် မာရေကျောရေဖြင့် ပြိုင်ဘက်များကို တုံ့ပြန်တတ်သည်။ အာဖရိကအသင်းများပုံစံအတိုင်း အင်နှင့်အားနှင့် ကစားဖွယ်ရှိသည်။

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင်ကိုရီးယားသည် ဆီမီးဖိုင်နယ်အထိရောက်ခဲ့သည်။ ထိုစဉ်က ကစားသမားအများစုသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြန်လည်ပါဝင်ခဲ့သည်။ ဥရောပ ကလပ်အသင်းများတွင် ကစားနေကြသော စပါးမှ လီယောင်ဖြိုး၊ မန်ယူမှ ပတ်ဂျီဆန်တို့က ကိုရီးယားအသင်းကို ဦးဆောင်လာလိမ့်မည်ဖြစ်သည်။

နှစ်သင်းစလုံးမှာ ဥရောပအတွေ့အကြုံရှိ ကစားသမားအနည်းငယ်စီပါသည်။ သို့သော် တိုဂိုသည် တောင်ကိုရီးယားထက် ဥရောပအတွေ့အကြုံပိုရှိသည်။ လက်ရှိအနေအထားအရ ပရိသတ်က တောင်ကိုရီးယားကို ပို၍သဘောကျလိမ့်မည်ဟု ထင်ပါသည်။ စာရေးသူသည် ပရိသတ်နှင့်အကြိုက်ချင်း တူသည်။ သို့သော် အာဖရိကအသင်းများသည် မထင်မှတ်သည်များကို လုပ်ပြတတ်သည်။ အာဖရိက၏ကစားပုံကိုလည်း ပို၍နှစ်သက်သည်။

ထို့ကြောင့် တိုဂိုအသင်းအား စာရေးသူက အားပေးချင်ပါသည်။ တစ်ဂိုးလောက် ကပ်ရှုံးလျှင်တောင်မှ ကျေနပ်စရာကောင်းသည်။ သရေ (သို့) အနိုင်ရခဲ့မည်ဆိုလျှင် တိုဂိုအဖို့ ခွန်အားတစ်ရပ်ဖြစ်ပါမည်။

ပြင်သစ်–ဆွစ်ဇာလန်

၁၃–၆–၂၀၀၆
စတုဂတ်ကွင်း
အချိန်–ည (၁၀း၃၀)နာရီ၊ အင်္ဂါနေ့
ကွင်းလယ်ဒိုင်လူကြီး–ဗယ်လန်တင်အိုင်ဗန်နော့ (ရုရှား)
လက်ထောက်ဒိုင်လူကြီး(၁)–နီကိုလေးဂိုလူဘီယက် (ရုရှား)
လက်ထောက်ဒိုင်လူကြီး(၂)–ဗိုလ်နင် (ရုရှား)
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ဥရောပအသင်းနှစ်သင်းချင်း ယှဉ်ပြိုင်ကစားမည့်ပွဲဖြစ်သည်။ ယင်းအသင်းနှစ်သင်းသည် ဥရောပ ဇုန်(၄)တွင် တစ်အုပ်စုတည်းကျခဲ့သည်။ ဆွစ်ဇာလန်သည် အုပ်စုဒုတိယရသောကြောင့် ဥရောပဇုန် အုပ်စု(၂)မှ တူရကီနှင့် အဆုံးအဖြတ် နှစ်ပွဲကစားခဲ့ရသည်။ လေးဂိုးစီ သရေကျသော်လည်း အဝေးဂိုးစည်းမျဉ်းကြောင့် ဆွစ်ဇာလန်ခြေစစ်ပွဲအောင်ခဲ့သည်။

ခြေစစ်ပွဲတွင် ဆွစ်ဇာလန်သည် ပြင်သစ်အသင်းကို နှစ်ပွဲစလုံး သရေကျအောင် ကစားနိုင်ခဲ့သည်။ ပထမပွဲတွင် ဂိုးမရှိသရေ၊ ဒုတိယပွဲမှာ တစ်ဂိုးစီသရေကျသည်။ ထို့အပြင် ခြေစစ်ပွဲတစ်လျှောက် တစ်ပွဲသာရှုံးခဲ့သည်။

ဂမ်ဆိုင်း

ထို့ကြောင့် ဆွစ်ဇာလန်၏စွမ်းရည်ကို ပရိသတ်များ ခန့်မှန်းတွက်ဆနိုင်လိမ့်မည် ဖြစ်သည်။

ဆွစ်ဇာလန်အသင်းမှာ ဥရောပနာမည်ကြီး ကလပ်အသင်းမှ ဘောလုံးသမားအချို့ပါဝင်သည်။ စတုဂတ်မှ လူဒိုမစ်၊ အာဆင်နယ်မှ ဖီလစ်၊ လာဇီယိုမှ ဘီယာရာမီ၊ ဟမ်းဘတ်မှ ရက်ဟာရယ်၊ လေဗာကူဆင် မှ ဘရန်နီတာတို့ ပါဝင်သည်။ ဆွစ်ဇာလန်၏ ရှေ့တန်းတိုက်စစ်မှူးများသည် ပြင်သစ်ပထမတန်း၌ ကစားနေသူများဖြစ်သည်။

ခြေစစ်ပွဲကစားသော ခြေအရကြည့်လျှင် ပြင်သစ်အသင်းသည် ညံ့သည်။ ငါးပွဲနိုင်၊ ငါးပွဲသရေကျသည်။ မည်သို့ပင်ဖြစ်စေ ပြင်သစ်အသင်း၏ လူအင်အားသည် အကောင်းဆုံးဟု ဆိုနိုင်သည်။ အလယ်တန်းမှ ဇီဒန်း၊ ဗီယဲရာ၊ မတ်ခ်လီလီ၊ ရှေ့တန်းတွင် ဆစ်ဆီ၊ ဟင်နရီ၊ ဆာဟာ၊ ထရက်ဇီဂေး၊ ဝီးတော့ဒ်တို့ရှိသည်။ ကြိုက်သလို ရွေးချယ်ပြီး ကစားနိုင်သည်။

ပြင်သစ်လက်ရွေးစင် ဘောလုံးအသင်းမှ ဒေးဗစ်ထရက်ဇီဂေး (ဝဲ)နှင့် ဂါယယ်ဂီးဗက်တို့အား ဂျာမနီနိုင်ငံ ဟာမင်းမြို့တွင် ဇွန် ၁၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)





အတွေ့အကြုံ၊ လူအင်အားစသည်တို့နှင့် နှိုင်းယှဉ်ကြည့်လျှင် ပြင်သစ်သည် ဆွစ်ဇာလန်ထက် အများကြီးသာသည်။ ထို့ကြောင့် ပြင်သစ်နိုင်ရန် အခွင့်အလမ်းသာသည်။ ထို့အပြင် ပွဲဦးထွက်ပွဲကိုနိုင်မှ အုပ်စုကျွတ်ရန် အခြေအနေ ကောင်းမည်ဖြစ်သည်။ သို့ဖြစ်၍ မဖြစ်မနေနိုင်အောင် ကစားဖွယ်ရှိသည်၊ အနည်းဆုံးနိုင်လျှင်လည်း တစ်ဂိုးလောက်ဖြင့်သာ ကပ်နိုင်နိုင်သည်။

ဘရာဇီး–ခရိုအေးရှား

၁၄–၆–၂၀၀၆
ဘာလင်ကစားကွင်း
အချိန်–နံနက် (၁း၃၀) နာရီ၊ ဗုဒ္ဓဟူးနေ့
ကွင်းလယ်ဒိုင်လူကြီး–ဘီနီတိုအာချွန်ဒီယာ (မက္ကဆီကို)
လက်ထောက်ဒိုင်လူကြီး(၁)–ဂျိုဆေးရာမီရစ်(မက္ကဆီကို)
လက်ထောက်ဒိုင်လူကြီး(၂)–ဟက်တာပါဂါရာ(ကနေဒါ)
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

တောင်အမေရိကနှင့် ဥရောပအားပြိုင်ပွဲဖြစ်သည်။ ခရိုအေးရှားသည် ၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယရရှိခဲ့သော အသင်းဖြစ်သည်။ အဖြူ–အနီကျားကွက်အင်္ကျီ ဝတ်ဆင်ကစားသော ခရိုအေးရှားအသင်းကို ပရိသတ်များ မျက်စိထဲ မြင်ပါလိမ့်မည်ဖြစ်သည်။

ယနေ့ ခရိုအေးရှားသည် ၁၉၉၈ ခုနှစ်က အသင်းမျိုး မဟုတ်တော့ချေ။ ကစားသမားအများစုသည် ဥရောပကလပ် အသီးသီးတွင် ကစားနေကြသည်။ နောက်တန်းတွင် ဂျူဗင်တပ်စ်မှ ရောဘတ်ကိုနတ်၊ အေစီမီလန်မှ ဆီဗစ်၊ ဟာသာ ဘာလင်မှ ဂျိုဇစ်ဆီမြူနစ်၊ ဆီနာမှ အီဂေါတူဒေါ၊ အလယ်တန်းတွင် လေဗာကူဆင်မှ မာကိုဗစ်၊ ရှေ့တန်း၌ ရိန်းဂျားစ်မှ ပါဆို၊ ဝါဒါဘရီမင်မှ အီဗန်ကလာနစ်တို့ရှိသည်၊

သို့သော် ခရိုအေးရှားအသင်းမှ အရန်အင်အားစု မရှိသလောက်ဖြစ်နေသည်။ ယင်းသည် အသင်းအတွက် ကြီးမားသော ပြဿနာတစ်ခုဖြစ်သည်။

ပရိသတ် သိကြသည့်အတိုင်းပင် ဘရာဇီးသည် ဗိုလ်စွဲရန်ပင် ရေပန်းစားနေသော အသင်းတစ်သင်းဖြစ်သည်။ အသင်းတွင် ပါဝင်ကစားနေကြသူများသည် ကမ္ဘာကျော် ဘောလုံးသမားများဖြစ်ကြသည်။ မြန်မာ့ဘောလုံးပရိသတ်နှင့် ထူးထူးထွေထွေ မိတ်ဆက်ပေးစရာ လိုမည်မထင်။ ကစားသမားအားလုံး အကောင်းဆုံးအခြေအနေတွင် ရှိ၊ မရှိ လေ့လာကြည့်ရမည်။ ထို့အပြင် တစ်ယောက်နှင့်တစ်ယောက် မည်၍မည်မျှ နားလည်မှုရှိသနည်း။ နည်းပြ ဆရာပါရဲယား စီမံထားသည့်အတိုင်း ဖြစ်လာခဲ့မည်ဆိုလျှင် ခရိုအေးရှား ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နှစ်သင်းအနေအထားအရ ဘရာဇီးက အပေါ်စီးမှကစားရမည်ဖြစ်ပြီး ခရိုအေးရှားကအောက်မှ လိုက်၍ကစားရမည့် အခြေအနေရှိသည်။ ခရိုအေးရှား အသင်းအနေဖြင့် ဘရာဇီးကို ဂိုးမပြတ်အောင် ခံကစားနိုင်မည်ဆိုလျှင် ခရိုအေးရှားပြည်သူများက ကျေနပ်ကြလိမ့်မည်။ ။

စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၉ ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကို စီမံကိန်းတာဝန်ပေးအပ်စဉ်။

(ထွေ/အုပ်)

လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြို့မမြောက်ရပ်ကွက် မြို့မလမ်းနေ မိဘနှစ်ပါးဖြစ်သော ဦးသိန်းတန်–ဒေါ်သန်းသန်းဌေးတို့အား အမှူးထား၍ မစုစုမြတ်ကောင်းမှုအဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စိန်ပေါလ် ကျောင်းသားဟောင်း မိတ်ဆုံပွဲပြုလုပ်မည်

ရန်ကုန် ဇွန် ၁၂

စိန်ပေါလ် (အထက–၆၊ ဗိုလ်တထောင်) ကျောင်းသားဟောင်းများ၏ မိတ်ဆုံပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ Excel Treasure Restaurant တွင် ဇွန် ၂၉ ရက် ည ၆ နာရီ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဦးကျော်ဇေယျ ဖုန်း ၀၉–၅၁–၅၃၆၄၀ ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃–၆–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Australia Vs Japan (Delay)
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၆။	နိုင်ငံတကာသတင်း
၆း၂၀	၇။	မိုးလေဝသသတင်း
၆း၂၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၂၀	၇။	မိုးလေဝသ သတင်း
၆း၂၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၉။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" အပိုင်း(၃၅)**
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၃။	ကျန်းမာသုတ
	၁၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၅။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ France Vs Switzerland (Live)
	၁၆။	သင့်အတွက်မနက်ဖြန်
	၁၇။	အပိတ်နှုတ်ဆက်စကား
	၁၈။	ပြီးပါပြီ

၁၄–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၁း၃၀	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Brazil Vs Croatia (Live)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်
ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၁၃၄၄၊ ၂၄၉၉၀၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။
ဖုန်း - ၂၉၄၃၀၆

သုဝဏ္ဏ မြို့ဦးဆုတောင်းပြည့်စေတီတော် အရုံစေတီရှစ်ဆူ ရွှေထီးတော်သစ်တင်လှူ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ မြို့ဦးဆုတောင်းပြည့်စေတီတော် အရံစေတီတော်ရှစ်ဆူအား ရွှေထီးတော်အသစ် ထပ်မံတင်လှူပူဇော်ပွဲ အခမ်းအနားကို နယုန်လပြည့်နေ့ နံနက် ၇ နာရီက စေတီတော်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ရှစ်ပါးသီလတရားတော်များနာယူကြပြီး တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်အဆင့်ဆင့်တို့ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာပြု ဘုန်းကြီးကျောင်း တိုက်အုပ်ဆရာ ဦးဓမ္မအမှူးပြု၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်သစ်ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက အရံစေတီတော် စိန်ဖူးတော်ငှက်မြတ်နားတော် ထီးတော်အဆင့်ဆင့်တို့ကို လက်ယာရစ်သုံးပတ်ပင့်ဆောင်ပူဇော်ပြီး **(အပေါ်ဝဲပုံ)** အရံစေတီတော်ရှစ်ဆူအထွဋ်ပေါ်သို့ တင်လှူပူဇော်ကြသည်။ (၅၀၆)

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၂

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနား ၂၀၀၅ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက်က ရွှေတိဂုံစေတီတော်အနီးရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပသည်။

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကို နာယကသုံးဦးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် သဘာပတိ မင်္ဂလာဒုံမြို့နယ် အထက (၅) ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ဝင်းကြည်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ၂၀၀၆-၂၀၀၇ခုနှစ် အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးမောင်မောင်ထွန်း၊ အတွင်းရေးမှူး ဦးဝင်းအောင်၊ ဘဏ္ဍာရေးမှူး ဦးဝမ်းတင်တို့ပါဝင်သည့် အဖွဲ့အား ရွေးချယ်ကြသည်။(က-ပ)

ကွယ်လွန်သူ ဦးပါအားရည်စူး၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အမှတ်(၇) လမ်းသစ်ရပ်နေ ဒေါ်ချစ်သွင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မူဆယ် ၁၀၅ မိုင် ရောင်းဝယ်ရေးဇုန် ကဏန်းဈေးကွက်ဖြစ်ပေါ်ရေးညှိနှိုင်း

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ကဏန်းများ မူဆယ် ၁၀၅ မိုင် ရောင်းဝယ်ရေးဇုန်တွင် ဈေးကွက်ဖြစ်တည်ရေး ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အလုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်နှင့် ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မူဆယ်တွင် ကဏန်းဈေးကွက်ဖြစ်ပေါ်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးကြသည်။ မူဆယ် ၁၀၅ မိုင် ကဏန်းဈေးကွက်ကို ဇွန် ၃၀ရက်မှ စတင်မည်ဖြစ်သည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ဇွန် ၁၁ရက်က သိမ်ဖြူမီးရထားရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသား ၃၀အတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများဝယ်ယူရန် ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်စည်းရုံးရေးမှူး ဦးစိန်ဝင်း-ဒေါ်သိန်းသိန်းစန်းမိသားစုက ထောက်ပံ့ငွေ ကျပ် ၁၀၀၀၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးရီထံ ပေးအပ်လှူဒါန်းစဉ်။ (၃၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ်ဖရက်ကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဂလိုရီယာ၊ မာဂါပါဂဲလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များ ဇွန် ၈ ရက်မှ ၁၀ ရက်အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၈ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မွန်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည့် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်း မဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်းမှူးချုပ်နှင့် သတင်းထောက်များနှင့်အတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း၊ ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံစီမံကိန်း၊ သံလွင်တံတား(မော်လမြိုင်)နှင့် မော်လမြိုင်ဘူတာတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး